မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်၊ သောကြာနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၁၅)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

အမေရိကန်ပြည်ထောင်စုသမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အမေရိကန်ပြည်ထောင်စု၏ (၄၄)ဦးမြောက် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သော သမ္မတ မစ္စတာ ဘားရတ်ဟူစိန်အိုဘားမားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

သာယာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

အမေရိကန်ပြည်ထောင်စု ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အမေရိကန်ပြည်ထောင်စု၏ ဒုတိယသမ္မတအဖြစ် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သော မစ္စတာ ဂျိုးဇက်ရော်ဘင်နက်ဘိုက်တင်ဂျူနီယာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နေပြည်တော်လယ်ဝေးမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပြပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၂

နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယနေ့နံနက် ၈ နာရီက နေပြည်တော်ခရိုင် နေပြည်တော်လယ်ဝေးမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲသို့ ရောက်ရှိလာရာ မြို့နယ်ဥက္ကဋ္ဌက *စာမျက်နှာ ၃ ကော်လံ ၄* ■

ကော့သောင်းခရိုင်အတွင်း ဆီအုန်းတောများဖြင့် မြရောင်လွှမ်းခဲ့ပြီ မဝေးတော့သည့် အနာဂတ်စားသုံးဆီဖူလုံရေး များစွာအကျိုးပြုမည်

ကော့သောင်းခရိုင်အတွင်းရှိ ကြီးမားကျယ်ဝန်းသော ယုဇနဆီအုန်းကြိတ်ခွဲ စက်ရုံကြီးကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

သတင်းခရီးသည် - မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော် (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၂

ပြည်တွင်းဆီစားသုံးမှု ဖူလုံရေးအတွက် တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်ရမည်ဟူသော ရည်မှန်းချက်ဖြင့် တိုင်းရင်းသားကုမ္ပဏီများအား စိုက်ပျိုးစေခဲ့ရာ ယခုအခါ ကော့သောင်းခရိုင်အတွင်း ဆီအုန်းပင်၊ ဆီအုန်းတောများဖြင့် မြရောင်လွှမ်းလျက် စိမ်းလန်းသာယာ ဖွံ့ဖြိုးဝေဆာနေပေပြီ။

လှိုင်လှိုင်ထွက်ရှိ

နိုင်ငံတော်အနေဖြင့် တနင်္သာရီတိုင်းအတွင်း ၁၉၉၉ ခုနှစ် မှစတင်ကာ ဆီအုန်းစိုက်ပျိုးရေး အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ စတင်စမ်းသပ်စိုက်ပျိုးခဲ့သည့် ဆီအုန်းပင်များမှ ဆီသီးခိုင်များ လှိုင်လှိုင်ထွက်ရှိနေပြီဖြစ်သည်။ တိုင်းရင်းသားကုမ္ပဏီများ အနေဖြင့်လည်း ဆီအုန်းစိုက်ပျိုးခြင်း၏ အကျိုးအမြတ်ရလဒ်ကို သိမြင်လာခဲ့၍ *စာမျက်နှာ ၉ ကော်လံ ၁* ✻

စားအုန်းဆီကြမ်းနှင့် အလှဆီပြုလုပ်မည့်ဆီများ သိုလှောင်ထားသည့် တန် ၂၀၀၀ နှင့် တန် ၅၀၀ ဆံ့ သိုလှောင်ကန်ကြီးများကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၃ ရက်)

စွန့်ပစ်ပစ္စည်းဖြင့် ဇီဝဓာတ်ငွေ့ တွင်ကျယ်စွာအသုံးပြုရေး ကျေးလက်ပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့် စည်းရုံး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ကျယ်ပြန့်စွာ လုပ်ကိုင်ဆောင်ရွက်သော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြသူများဖြစ်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကစီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ကြသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဖော်ဆောင်လျက်ရှိရာတွင် ကျေးလက်ဒေသများ မီးရရှိရေးကိုပါ ကြိုးပမ်းလျက်ရှိသည်။ ယခုအခါ ကျေးလက်ဒေသများတွင် ဇီဝဓာတ်ငွေ့အသုံးပြု၍ မီးရရှိရေးကို ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုရရှိနေပြီ ဖြစ်သည်။

တိရစ္ဆာန်များ၏ စွန့်ပစ်ပစ္စည်းကို အသုံးပြု၍ ဇီဝဓာတ်ငွေ့ ရရှိခြင်းဖြစ်သည်။

တိရစ္ဆာန်များ၏ အညစ်အကြေးများထဲမှ မီသိန်းဓာတ်ငွေ့၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့၊ နိုက်ထရက်အောက်ဆိုဒ်၊ အမိုးနီးယားနှင့် ကာဗွန်မိုနောက်ဆိုဒ်စသည့် ဓာတ်ငွေ့များ ထုတ်လုပ်နိုင်စွမ်းရှိပြီး ယင်းဓာတ်ငွေ့များသည် လျှပ်စစ်ဓာတ်အားအဖြစ် ပြန်လည်အသုံးချနိုင်ကြောင်း တွေ့ရသည်။

ယခုအခါ ကျေးလက်ဒေသများတွင် ကျေးရွာများ မီးရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ၌ ဇီဝဓာတ်ငွေ့သုံး ဓာတ်ငွေ့ကန်များ တည်ဆောက်ခြင်းကို တီထွင်ကြံဆ ပြုလုပ်နိုင်ခဲ့သည်။

ဇီဝဓာတ်ငွေ့သည် တောင်သူလယ်သမားများအတွက် မီးရရှိရုံမျှသာမက ထမင်းဟင်းချက်ရာတွင်လည်း ထင်းအစားထိုးလောင်စာအဖြစ် အသုံးပြုနိုင်သည်။ စွန့်ပစ်ပစ္စည်းများကိုလည်း မြေဩဇာအဖြစ် ပြန်လည်အသုံးချနိုင်၍ စိုက်ပျိုးရေးလုပ်ငန်းအတွက် အကျိုးဖြစ်ထွန်းစေလျက်ရှိသည်။

တစ်အိမ်ထောင်သုံး ဇီဝဓာတ်ငွေ့ကန်မှ ကျေးရွာသုံး ဇီဝဓာတ်ငွေ့ကန်အဖြစ် တည်ဆောက်ကာ ကျေးရွာများကို မီးရရှိစေမည်ဖြစ်သည်။ ဇီဝဓာတ်ငွေ့သည် အလွယ်တကူရနိုင်သည့် နွားချေး၊ ဝက်ချေး၊ ကြက်ချေးစသည့် တိရစ္ဆာန်များ၏ စွန့်ပစ်ပစ္စည်းများကို သုံးစွဲခြင်းဖြစ်သည်။ အိမ်ထောင်စုတစ်စုလျှင် နွားငါးကောင်မှ ခုနစ်ကောင် သို့မဟုတ် ဝက်နှင့်ကျွဲ၊ ဆိတ်တို့ကို မွေးမြူထားခြင်းဖြင့် ဇီဝဓာတ်ငွေ့ဖြင့် မီးအလင်းရောင်ကို ရရှိစေနိုင်မည် ဖြစ်သည်။

သို့ဖြစ်၍ တိရစ္ဆာန်များ၏ စွန့်ပစ်ပစ္စည်း အညစ်အကြေးများကို အသုံးပြုပြီး အကျိုးရှိစွာ ဆောင်ရွက်သွားမည်ဆိုပါက ကျေးလက်ဒေသများ မီးရရှိစေသည်သာမက မိသားစုငွေကြေးကုန်ကျစရိတ်နည်းပါး၍ ဘက်စုံအသုံးဝင်သည့်လုပ်ငန်းဖြစ်ပေရာ ကျေးလက်ပြည်သူများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုသင့်ကြပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နား၊ နှာခေါင်း၊ လည်ချောင်း ဆရာဝန်များ ညီလာခံဖွင့်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

(၁၇)ကြိမ်မြောက် နား၊ နှာခေါင်း၊ လည်ချောင်း ဆရာဝန်များ၏ ညီလာခံဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ရက် နံနက်စနာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း၌ ကျင်းပမည်ဖြစ်ပြီး နား၊ နှာခေါင်း၊ လည်ချောင်း ပညာရပ်ဆိုင်ရာ ဆေးပညာနှီးနှောဖလှယ်ပွဲနှင့် စာတမ်းဖတ်ပွဲများကို ဖေဖော်ဝါရီ ၅ရက်နှင့် ၆ရက်တို့တွင်လည်းကောင်း၊ ညီလာခံအကြို အလုပ်ရုံဆွေးနွေးပွဲများဖြစ်သည့် Rhinoplasty နှင့် Micro Vascular Surgery တို့ကို ဖေဖော်ဝါရီ ၂ရက်နှင့် ၃ရက်တို့တွင်လည်းကောင်း နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး၌ ကျင်းပသွားမည်ဖြစ်သည်။

တက်ရောက်

အထူးအစီအစဉ်အနေဖြင့် Live Surgery ကို စင်ကာပူသမ္မတနိုင်ငံ Tan Tock Seng Hospital မှ ဆရာဝန်ကြီးများက ဦးဆောင်၍ ဖေဖော်ဝါရီ ၂ရက်မှ ၄ရက်အထိ လက်တွေ့ဆောင်ရွက် ပြသပေးမည်ဖြစ်ရာ ပြည်နယ်နှင့် တိုင်းများရှိ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၃-၁-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၁၅ ၄။ မဟာဂီတချိုကြည်မြ
၄:၂၀ ၅။ မျိုးချစ်တပ်မတော်
၄:၃၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၀ ၇။ မြန်မာစာ မြန်မာစကား
၅:၀၀ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၄၅ ၉။ သာယာသီကွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၄၅ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၄၅)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ရှင်သန်နေသောသီချင်းများ (Living Songs) တေးရေးဆရာ စောခူဆဲဖ် (အပိုင်း-၁)
၂၀။ စိုက်ပျိုးသုတ
၂၁။ သာယာသီကွေး ခေတ်ဆန်းတေး
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၁၈)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် သာယာဝတီမြို့ မိုက်ကရိုဝေ့ဖ်စခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အော်တိုအိတ်ချိန်းစက်ပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်ရေးနှင့် ဆက်သွယ်မှုလိုင်းများ အစဉ်အမြဲကောင်းမွန်ရေး ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၂

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဇန်နဝါရီ ၂၀ရက်က ရန်ကုန်တိုင်း မှော်ဘီမြို့ အော်တိုအိတ်ချိန်းနှင့် မြောင်းတကာအိတ်ချိန်းရုံး၊ တိုက်ကြီးမြို့ မိုက်ကရိုဝေ့ဖ်စခန်းနှင့် အော်တိုအိတ်ချိန်း၊ ဥက္ကံမြို့ အော်တိုအိတ်ချိန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

စနစ်တကျ

ယင်းနောက် ဝန်ကြီးသည် ပဲခူးတိုင်း သာယာဝတီမြို့ မိုက်ကရိုဝေ့ဖ်စခန်း၊ အုတ်ဖိုမြို့ အော်တိုအိတ်ချိန်းအသစ် အဆောက်အအုံနှင့် GSM တာဝါတိုင် တည်ဆောက်မှုအခြေအနေများ၊ ကြို့ပင်ကောက်မြို့ အော်တိုအိတ်ချိန်းနှင့် ဇီးကုန်းမြို့ အော်တိုအိတ်ချိန်း၊ ပေါင်းတည်မြို့ အော်တိုအိတ်ချိန်းနှင့် အင်းမမြို့ အော်တိုအိတ်ချိန်း အသစ်တပ်ဆင်မည့် အခြေအနေများ၊ ရွှေတောင်မြို့ ဒီဂျစ်တယ်အော်တိုအိတ်ချိန်းနှင့် ပြည်မြို့ အော်တိုအိတ်ချိန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်စေရေးနှင့် ဆက်သွယ်မှုလိုင်းများ အစဉ်အမြဲကောင်းမွန်စေရေးအတွက် စနစ်တကျဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် မကွေးတိုင်း အောင်လံမြို့စာတိုက်နှင့် အိတ်ချိန်းစခန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးနှင့်သက်ဆိုင်သော ပြစ်မှုဥပဒေများ ဟောပြော

မြောက်ဥက္ကလာပ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် HIV/AIDS ရောဂါအန္တရာယ် လျော့ချရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ နောက်ဆက်တွဲစောင့်ရှောက်ရေးနှင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် မူးယစ်ဆေးဝါးပြစ်မှုဆိုင်ရာဥပဒေအကြောင်း အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၂၀ ရက်က မြောက်ဥက္ကလာပမြို့နယ် အထက(၂) ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ဥပဒေအရာရှိ ဦးစိန်မြင့်က မူးယစ်ဆေးဝါးနှင့် သက်ဆိုင်သည့် ပြစ်မှုဥပဒေများအကြောင်းကို ဟောပြောစဉ်။ (လူမှုဝန်ထမ်း)

ယခင် အလက(၃) သာကေတ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

(ယခင်) အလက(၃) သာကေတမြို့နယ် (၈)ရပ်ကွက်၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့) နံနက် ၈နာရီတွင် အလင်းရောင်ကျောင်းတိုက် ၁၀/တောင်ရပ်ကွက် (၁၀၈)တောင်ဘုရားလမ်း၌ ကျင်းပမည်ဖြစ်ရာ နှစ်စဉ်အပူဇော်ခံ ဆရာ ဆရာမကြီးများနှင့် ရပ်နီးရပ်ဝေးမှ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ပူဇော်ကန်တော့ပွဲအတွက် ဆက်သွယ်လှူဒါန်းလိုပါက ဦးသိန်းဝင်း ဖုန်း-၀၉-၅၁-၀၃၈၉၅၊ ဦးမျိုးဝင်း ဖုန်း-၅၄၇၄၉၉၊ ၀၉-၅၁-၀၁၁၄၉၊ ဒေါ်တင်တင်အေး ဖုန်း-၅၄၇၀၇၂ နှင့် ဒေါ်နုနုလှိုင် ဖုန်း-၀၉-၅၁-၇၁၃၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ပညာရေး)**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

စစ်တွေ ဇန်နဝါရီ ၂၂

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးစိုးသိန်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ၂၉ရက်က ကျောက်တော်မြို့နယ် ပြိုင်းချောင်းဆည် နွေစပါးစိုက်ပျိုးရေး ရှင်းလင်းဆောင်သို့ရောက်ရှိလာပြီး နွေစပါး ဧက၄၀၀၀နှင့် နွေနှမ်း ဧက ၁၀၀၀ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်မြင့်က နွေစပါး ဧက ၄၀၀၀နှင့် နွေနှမ်းဧက၁၀၀၀တို့ကို ပြိုင်းချောင်းဆည်ရေဖြင့် စိုက်ပျိုးနိုင်ရေး လယ်ယာမြေများ ထွန်ယက်ထားမှု အခြေအနေများအားလည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃) ပြိုင်းချောင်းရေလှောင်တမံ စီမံကိန်းအင်ဂျင်နီယာ ဦးအောင်ကြည်စိုးက ပြိုင်းချောင်းဆည် လက်ဝဲမြောင်းမကြီး ဖောက်လုပ်နေမှု၊ နွေစပါး ရေဖြန့်ဝေပေးနိုင်မှုအခြေအနေများကို မြေပုံကားချပ်များဖြင့် အသီးသီးရှင်းလင်းတင်ပြသည်။

တက်ညီလက်ညီဆောင်ရွက်

ဆက်လက်၍ တိုင်းမှူးသည် ဒေသခံတောင်သူလယ်သမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ နွေစပါးနှင့် နွေနှမ်းများ ပြည့်မီစွာစိုက်ပျိုး နိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန်နှင့် တာဝန်ရှိသူများကလည်း ဆည်ရေလိုအပ်ချက်များကို အချိန်မီပေးဝေနိုင်ရေး ဝိုင်းဝန်းပူးပေါင်း၍ တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် မှာကြားပြီး ပြိုင်းချောင်းဆည် လက်ဝဲမြောင်းမကြီးအတွင်း ဆည်ရေဝင်ရောက်မှုနှင့် စက်ယန္တရားများနှင့် ဆက်လက်ဖောက်လုပ်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)** (၁၁၃)

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကိုအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန်သဘောတူ

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် မစ္စတာ ကွမ်မုန်၏ နေရာတွင် မစ္စတာယဲ့တာ့ပိုအား ခန့်အပ်ရန်အဆိုပြုခြင်းကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီလိုက်ပြီဖြစ်သည်။

မစ္စတာယဲ့တာ့ပိုသည် ၁၉၅၆ခုနှစ် မတ်လတွင် ဖူကျင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၈၆ခုနှစ်မှ စတင်၍ နိုင်ငံခြားရေးဝန်ကြီး ဌာနတွင် အမှုထမ်းခဲ့ပြီး ဆန်ဖရန်စစ္စကိုမြို့၊ လော့အိန်ဂျယ်လိစ်မြို့နှင့် ဟောက်စ်တန် မြို့များရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးများ၊ တရုတ်ပြည်သူ့ ကောင်စီ၏ နိုင်ငံခြားရေးရုံးနှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံခြား ရေးရာ ဦးဆောင်မှုအဖွဲ့ရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၄ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ ဒိုမီနီကန်နေသဟာယနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၆ခုနှစ်မှ လက်ရှိ ကာလအထိ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် မော်လဒိုက်ဖ် သမ္မတနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန် ထမ်းဆောင်လျက်ရှိသည်။ မစ္စတာယဲ့တာ့ပိုသည် အိမ်ထောင်သည်ဖြစ်ပြီး သားတစ်ဦး ရှိသည်။ **(သတင်းစဉ်)**

ကုသိုလ်ဖြစ် ဆေးကုသခန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

တမီလ်ဟိန္ဒူ သာသနာရေးရန်ပုံငွေ အဖွဲ့က ကြီးမှူး၍ လူမျိုးဘာသာမရွေး ဆေးကုသနိုင်ရန် ကုသိုလ်ဖြစ်ဆေးကုသခန်း ဖွင့်ပွဲကို ဇန်နဝါရီ၁၈ရက်တွင် အမှတ်၆၆ မိုးကောင်းလမ်း တိုက်အမှတ်၂ အခန်း အမှတ်၂ ကံဘဲ့ ရန်ကင်းမြို့နယ်၌ ကျင်းပရာ တမီလ်ဟိန္ဒူသာသနာရေး ရန်ပုံငွေအဖွဲ့ နာယက ကုသိုလ်ဖြစ်ဆေးခန်းဖြစ်မြောက် ရေးအဖွဲ့နာယက ဦးအောင်စိုးက နှုတ်ခွန်း ဆက်စကားပြောကြားပြီး တမီလ်ဟိန္ဒူ သာသနာရေးရန်ပုံငွေအဖွဲ့ ဥက္ကဋ္ဌ ဦးကြည် ထွန်းက ဆေးကုသခန်းဖွင့်လှစ်ရခြင်းကို ရှင်းလင်းပြောကြားသည်။

ဖွင့်လှစ်ပေး

ထို့နောက် နယ်မြေခံတပ်နယ်မှ ဒုတိယ ဗိုလ်မှူးကြီး ခင်မောင်ထွန်း၊ ရန်ကုန် အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်၊ ရန်ကင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟို အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ သုဗ္ဗမဏိဓောတရေ ဦးနန္ဒတို့က ကုသိုလ်ဖြစ်ဆေးကုသခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်သွယ်နိုင်

ယင်းကုသိုလ်ဖြစ်ဆေးကုသခန်းကို လူမျိုးမရွေး၊ ဘာသာမရွေး တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်မှအပ နေ့စဉ်နံနက် ၁၀နာရီမှ မွန်းတည့်၁၂နာရီအထိ ဆရာဝန် ကြီးများက အခမဲ့ဆေးကုသပေးမည်ဖြစ်ပြီး ဆေးပစ္စည်းများနှင့် ဆေးဝါးများကို လှူဒါန်း လိုပါက ဆက်သွယ်နိုင်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

Customs Magazine 2009 ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၂

၂၀၀၉ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ကို ဂုဏ်ပြုသောအားဖြင့် Customs Magazine 2009 ကို မျက်နှာဖုံး သရုပ်ဆောင် ရေဗက္ကဝင်းပုံဖြင့် အကောက်ခွန်ဦးစီးဌာနမှ ဖြန့်ချိလိုက်သည်။ **(ယာပုံ)**

ယင်းမဂ္ဂဇင်းတွင် မောင်ဟေမာ၊ မောင်ကြင်နွယ်၊ မြင်းမူမောင်နိုင်မိုး၊ မောင်ယဉ်မှူး၊ ညွှန့်ဝေ (ကသာ)၊ မင်းချမ်းမွန်၊ နောင်၊ သူရဇော်၊ ကို(တက္ကသိုလ်)၊ နွေသင်နိုင်၊ ဝင်းဝေနောင်၊ မြေပြန့်ဝင်းသွေး၊ ပျဉ်းမနားမောင်နီသင်းနှင့် ကိုမို့ဦး(မြင်းခြံ)တို့၏ အဖွင့်ကဗျာများ၊ အကောက်ခွန်လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံကဏ္ဍ၊ မောင်သက်ကြူ၊ သိပ္ပံစိုးမြင့်နိုင်၊ မြေလတ်မောင်မြင့်သူ၊ တက္ကသိုလ်စိုးယဉ်၊ မင်းရွှေမင်း(အင်းစိန်)နှင့် ပုဏ္ဏဝတီတင့်နှောင်းတို့၏ ကလေးကဗျာများ၊ မောင်ခေတ်ထွန်းနှင့် မင်းသက်ခိုင် (ဝက်လာ)တို့၏ ပုံပြင်ကဏ္ဍ၊ မြေဇာ၊ ရွှေမင်းသား၊ ငွေကြည်၊ သစ်ထွဏ်း၊ မောင်မောင်ညွှက်၊ တင်အောင်နီ၊ ဟာမိုနီ၊ ကိုငယ်နှင့် စိုးစံတို့၏ ကာတွန်းလက်ရာများ၊ သုမောင်၊ ညွှန့်ဟံ (ကြူတော)၊ မောင်ဆုရှင်၊ ဖေမြင့်၊ မောင်စူးစမ်း၊ စောမုံညင်း၊ တင်ညိုထွန်း၊ မောင်ခင်မင်(ဓနုဖြူ)၊ ပါရဂူ၊ အသံတုကြယ်တစ်လုံး၊ ကောင်းညွှန့်၊ ဒေါက်တာမောင်မောင်သိမ်း၊ ဦးသန်းထွတ်(ပါမောက္ခငြိမ်း)၊ ယဉ်မင်းဦး (ဆေး တက္ကသိုလ်)၊ ချစ်နိုင်(စိတ်ပညာ)နှင့် မောင်ရေစင်တို့၏ သုတရသဆောင်းပါးများ၊ ဦးဟန်ညွှန့်(ဥပဒေ)နှင့် ဦးသန်းမောင်(စစ်တွေ)တို့၏ ဥပဒေဆောင်းပါးများ၊ မောင်ဆန္ဒ(လယ်ဝေး)၏ ဗုဒ္ဓဝင် ရသကြေးမုံ၊ ဖြိုးသာရ၏ အင်တာနက်သတင်း၊ မောင်မြင့်သန်း(အောင်လံ)၏ နိုင်ငံရပ်ခြားဟာသ၊ ဒေါက်တာနိုင်တင်ဂေးလ်နှင့် သိပ္ပံမှူးတင်တို့၏ ကျန်းမာရေးနှင့် ဆေးဝါးဆောင်းပါးများ၊ မောင်ကျော်ထက်၊ မြမိုးညို၊ ခရီးသည်တစ်ဦး၊ အုန်းမြင့်ကို(ဥပဒေ)၊ မင်းသူခိုင်၊ မင်းမင်းအောင်(စစရ)၊ ခင်နှင်းဝေ၊ သီလဝသီဟ၊ ထန်လျှန်နာ(တာဟန်း)၊ ဇော်ဝင်း(၅)တို့၏ အကောက်ခွန် ဆိုင်ရာဆောင်းပါးများ၊ ကိုရွှေတောသား၏ ဟာသဝတ္ထုတို၊ အကောက်ခွန်သမီးပျိုများ ဖြစ်ကြသည့် ဟေမာန်သောင်းရွှေ၊ စိုးဝေမာ၊ ယဉ်နွယ်ထွန်း၊ ဇူလိုင်မို့မို့အောင်၊ အိပြည့်ဘဏ်ဝင်းနှင့် စုဝေနှင်းတို့၏ အလှဓာတ်ပုံကဏ္ဍ၊ မိချမ်းဝေ၊ ချမ်းမြ ရွှေသဇ္ဇာ၊ ချစ်ကိုကိုယု၊ လယ်တွင်းသားစောချစ်၊ အောင်ပန်းချောင်းသား (ရေစကြို)၊ အေးမိစံ(သထုံ)တို့၏ ဝတ္ထုများ၊ ချစ်ဦးညို၏ မဂ္ဂဇင်းဝတ္ထုရှည်၊ အင်္ဂလိပ်စာကဏ္ဍ တွင် မင်းသူခိုင်၊ မောင်မြင့်သန်း(အောင်လံ)၊ ခင်နှင်းဝေ၊ နှင်းမွန်ဦး၊ သီလဝ သီဟနှင့် ဦးသန်းမောင်(စစ်တွေ)တို့၏ ဆောင်းပါးများဖြင့် ၈လက်မ ၁၁လက်မ အရွယ်အစားရှိပြီး စက္ကူဖြူချောဖြင့် လှပခံ့ညားစွာ ထုတ်ဝေထားကြောင်း သိရ သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၃-၁-၂၀၀၉ ရက် (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	အကပြိုင်ပွဲ
၈:၀၀	၆။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၁၀	၇။	**အလျော်အစား** အကယ်ဒမီဇင်ပိုင်၊ ငွေစင်သွန်း၊ ခင်သန်းနွယ် (ဒါရိုက်တာ-ကျော်ဇောလင်း)
၈:၂၀	၈။	အတီးပြိုင်ပွဲ
၈:၃၀	၉။	International News
၈:၄၅	၁၀။	တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၄:၁၀	၂။	အဆိုပြိုင်ပွဲ
၄:၂၀	၃။	နားဝင်ပီယံသူ့လက်သံ
၄:၃၀	၄။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၄၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ)
၄:၅၅	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၅	၇။	မြန်မာစာမြန်မာစကား
၅:၁၅	၈။	နှောင်းခေတ်တေးပဒေသာ
၅:၂၅	၉။	**ဆုံစည်းခွင့်** ဖိုးသောကြာ၊ မင်းထက်ကျော်ဇင်၊ မြတ်ကေသီအောင်၊ ချစ်သုဝေ ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)
၅:၄၀	၁၀။	သူရွှေးသီရာတေးကဗျာ
၆:၀၀	၁၁။	ညနေခင်းသတင်း
၆:၃၀	၁၂။	မိုးလေဝသအခြေအနေ
၆:၃၅	၁၃။	သုတစုံလင်ရွှေဘဏ်ရှင်
၇:၁၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မှန်တိုင်း** (အပိုင်း-၄၆)
၈:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၆၆)
	၁၉။	အစီအစဉ်ပြီး၏။

ကြည့်ရှုအားပေး

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် ခရိုင် နေပြည်တော်လယ်ဝေးမြို့နယ် ရန်အောင်မြင်ကျေးရွာတွင် ပေါင်းစည်း လယ်ယာ စိုက်ပျိုးမွေးမြူမှုများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

ပြပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာ ပေးပြပွဲ အထိမ်းအမှတ်မှခ်ဦးကို ဒုတိယတိုင်းမှူး နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ် ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အသိပညာပေး ပြခန်းများနှင့် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်နှင့် လယ်ယာသုံးပစ္စည်းများရောင်းချသည့် ဆိုင်ခန်းများကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရန်အောင်မြင် ကျေးရွာ တောင်သူဦးအောင်ဘို၏ ပေါင်းစည်းလယ်ယာစနစ် စိုက်ပျိုးမွေးမြူရေးနယ်မြေသို့ ရောက်ရှိကြရာ မြို့နယ်ဥက္ကဋ္ဌက ပေါင်းစည်းလယ်ယာစနစ်တွင် စိုက်ပျိုးမွေးမြူထားရှိမှု အခြေအနေ များကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးသည် ဒေသခံတောင်သူများအား တွေ့ဆုံနှုတ်ဆက် အမှာစကားပြောကြားပြီး ပေါင်းစည်းလယ်ယာ စိုက်ပျိုးမွေးမြူမှုများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်နှစ်အတွင်း ဂွမ်တာနာမို အကျဉ်းစခန်းပိတ်ရန်အမိန့် သမ္မတ ဘားရက်အိုဘားမား လက်မှတ်ရေးထိုးထုတ်ပြန်

ဝါရှင်တန် ဇန်နဝါရီ ၂၂

အမေရိကန်သမ္မတသစ် အိုဘားမားက သူ၏သမ္မတရာထူး စတင်ထမ်းဆောင်သည့် ကနဦးရက်ပိုင်းအတွင်းမှာပင် ဂွမ်တာနာမို အကျဉ်းစခန်းအား တစ်နှစ်အတွင်း ပိတ်မည့်အမိန့်တစ်ရပ်ကို လက်မှတ်ရေးထိုးထုတ်ပြန်လိုက်ကြောင်း အိမ်ဖြူတော်က ဇန်နဝါရီ ၂၂ ရက်၌ သတင်းထုတ်ပြန်သည်။

ဂွမ်တာနာမိုအကျဉ်းစခန်းတွင်ရှိသော အကျဉ်းသားများအား စစ်ဆေးမေးမြန်းမှုဆိုင်ရာ လုပ်ငန်းစဉ်များကို ရပ်ဆိုင်းထားရေး ညွှန်ကြားချက်တစ်ရပ်ကိုလည်း သမ္မတအိုဘားမားက ထုတ်ပြန်ခဲ့သည်။ ဂွမ်တာနာမိုအကျဉ်းစခန်းတွင် အကျဉ်းသားအများအပြားမှာ နှစ်များစွာ စစ်ဆေးခြင်းမခံရဘဲ အကျဉ်းကျခံနေရသူများဖြစ်သည်။ အမေရိကန်သမ္မတအဖြစ် အိုဘားမား ပထမဆုံးတာဝန်ထမ်းဆောင်သည့်ရက်၌ပင် အမေရိကန်အစိုးရ၏ ဆောင်ရွက်မှုအစီအစဉ် အများအပြားကို ထုတ်ပြန်ခဲ့သည်။

ဆွေးနွေး

ထို့အပြင် အမေရိကန်သမ္မတအိုဘားမားနှင့် သူ၏အကြံပေးပုဂ္ဂိုလ်များသည် ကမ္ဘာ့စီးပွားရေးဂယက်ရိုက်ခတ်မှုနှင့် အီရတ်၊ အာဖဂန်နစ္စတန်စစ်ပွဲများနှင့် ပတ်သက်၍လည်း ဆွေးနွေးသုံးသပ်ခဲ့ကြသည်။

(အင်တာနက်)

ဂွမ်တာနာမိုအကျဉ်းစခန်း

နိုင်ငံပေါင်းစုံမှ အကျဉ်းသားများအား ချုပ်နှောင်ထားရာ အကျဉ်းစခန်းဖြစ်သည့် ကျူးဘားနိုင်ငံတွင်တည်ရှိသော ဂွမ်တာနာမိုအကျဉ်းစခန်း၏ မျက်နှာစာဘက်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

၂၀၀၈ ခုနှစ်အတွင်း တရုတ်စီးပွားရေး မြင့်တက်ခဲ့

ပေကျင်း ဇန်နဝါရီ ၂၂

၂၀၀၈ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ နှစ်ချင်းအလိုက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှာ ကိုးရာခိုင်နှုန်း မြင့်တက်လာခဲ့သော်လည်း ၂၀၀၁ခုနှစ်နောက်ပိုင်း ခုနစ်နှစ်တာကာလအတွင်း ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးဖြစ်ကြောင်း တရုတ်အာဏာပိုင်များက ပြောကြားသည်။ ၂၀၀၈ခုနှစ်အတွင်း တရုတ်ပြည်တွင်း ထုတ်လုပ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄ဒသမ ၄၂၁၆ထရီလီယံရှိကြောင်း သိရသည်။ **(အင်တာနက်)**

အင်ဒိုနီးရှား ကားရောင်းအား ၃၀ရာခိုင်နှုန်း ကျဆင်းလာဖွယ်ရှိ

ဂျကာတာ ဇန်နဝါရီ ၂၂

ကမ္ဘာ့စီးပွားရေး အကျပ်အတည်း ပြဿနာများကြောင့် ၂၀၀၉ခုနှစ်၌ အင်ဒိုနီးရှားနိုင်ငံအတွင်း ကားရောင်းချမှုမှာ ကားစီးရေ ၄၅၀၀၀၀သာ ရောင်းချနိုင်မည်ဖြစ်ရာ ယမန်နှစ်ကထက် ၃၀ရာခိုင်နှုန်းကျဆင်းလာဖွယ်ရှိကြောင်း အင်ဒိုနီးရှား ကားထုတ်လုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ခန့်မှန်းပြောကြားသည်။

မြင့်တက်လာ

၂၀၀၈ခုနှစ်အတွင်း ကားစီးရေ ၆၀၃၇၀၀ကျော် ရောင်းချနိုင်ခဲ့သဖြင့် ၂၀၀၇ခုနှစ်ကထက် ရောင်းအား ၄၀ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ (အင်တာနက်)

တောင်ကိုရီးယား ပို့ကုန်တင်ပို့မှု ဇန်နဝါရီလအတွင်း ကျဆင်းလာခဲ့

ဆိုးလ် ဇန်နဝါရီ ၂၂

တောင်ကိုရီးယားနိုင်ငံအနေဖြင့် ယခုနှစ် ဇန်နဝါရီ ၂၀ရက်အတွင်း ပြည်ပသို့ ကုန်ပစ္စည်းများတင်ပို့မှုမှဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၄၇ဘီလီယံရရှိခဲ့ရာ ယမန်နှစ် အလားတူကာလကနှင့် နှိုင်းယှဉ်လျှင် ၂၉ရာခိုင်နှုန်း ကျဆင်းလာခဲ့ကြောင်း အစိုးရက ထုတ်ပြန်သော သတင်း၌ ဖော်ပြသည်။

ကျဆင်း

ထို့အတူ သွင်းကုန်အနေဖြင့်လည်း အမေရိကန်ဒေါ်လာ ၁၇ဒသမ ၀၅ဘီလီယံသာရှိခဲ့ရာ ယမန်နှစ်ကထက် ၂၂ဒသမ၅ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်။

နည်းပါးလာ

တောင်ကိုရီးယားထုတ်ကုန်များကို ပြည်ပမှ ကုန်ပစ္စည်းမှာယူမှု နည်းပါးလာခြင်းမှာ ကမ္ဘာ့စီးပွားရေး ပြဿနာများကြောင့်ဖြစ်ကြောင်း ယင်းသတင်း၌ ပါရှိသည်။

(အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဂါဇာကမ်းမြောင်ဒေသနှင့် အီဂျစ်နယ်စပ်တွင် ဂါဇာကမ်းမြောင်ဒေသသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး ကုန်တင်ယာဉ်များ ဝင်ရောက်ရန် စောင့်ဆိုင်းနေကြသည်ကို ဇန်နဝါရီ ၂၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကင်ညာအရှေ့ပိုင်းတွင် ယာဉ်မတော်တဆမှုဖြစ်ပွား လူ ၂၉ဦးသေဆုံး၍ ၂၄ဦး ဒဏ်ရာပြင်းထန်စွာရရှိ

နိုင်ရိုဘီ ဇန်နဝါရီ ၂၂

ကင်ညာနိုင်ငံအရှေ့ပိုင်း နိုင်ရိုဘီမြို့နှင့် မွမ်ဘာဆာမြို့တို့ကို ဆက်သွယ်ထားသော အဝေးပြေးလမ်းမကြီးပေါ်တွင် ဇန်နဝါရီ ၁၉ရက် နံနက်စောစောပိုင်းက ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ရာ ၂၉ဦးသေဆုံးပြီး ၂၄ဦးမှာ အပြင်းအထန် ဒဏ်ရာရရှိခဲ့ကြောင်း ဇန်နဝါရီ ၂၀ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

ပြောကြား

မွမ်ဘာဆာမြို့မှ နိုင်ရိုဘီမြို့ဘက်သို့ ဦးတည်မောင်းနှင်လာသော နောက်တွဲယာဉ်တစ်စီးနှင့် နိုင်ရိုဘီမြို့မှ မွမ်ဘာဆာမြို့ဘက်သို့ ဦးတည်မောင်းနှင်လာသော ခရီးသည်တင် ဘတ်စ်ကားတစ်စီးတို့ မျက်နှာချင်းဆိုင်တိုက်မိရာမှ အဆိုပါယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ကြောင်း၊ သေဆုံးသူများထဲတွင် နောက်တွဲယာဉ်မှ သုံးဦးပါဝင်ကြောင်း၊ ဘတ်စ်ကားတွင် လိုက်ပါစီးနင်းလာသော ခရီးသည် ၂၄ ဦးမှာ အပြင်းအထန် ဒဏ်ရာရရှိခဲ့သဖြင့် နီးစပ်ရာ ဆေးရုံဖြစ်သည့် မာကင်ဒူဆေးရုံသို့ အလျင်အမြန် ပို့ဆောင်ခဲ့ရကြောင်း ရဲပြောရေးဆိုခွင့်ရှိသူ အဲရစ်ကီရိုင်သီက ပြောကြားခဲ့သည်။

ရှာဖွေဖော်ထုတ်

အမ်တီတိုအမ်ဒီမြို့နယ်မှ ကီလိုမီတာအနည်းငယ်သာကွာဝေးကာ နိုင်ရိုဘီ-မွမ်ဘာဆာအဝေးပြေးလမ်းမကြီးပေါ်ရှိ ကမ်ဘူမြို့ဈေးအနီးတွင် ဖြစ်ပွားခဲ့သော အဆိုပါယာဉ်မတော်တဆမှုတွင် ၂၉ဦးသေဆုံးခဲ့ကြောင်း၊ အပြင်းအထန်ဒဏ်ရာရရှိသူ ၂၄ဦးအား နီးစပ်ရာဆေးရုံသို့ အလျင်အမြန်ပို့ဆောင်ခဲ့ရကြောင်း ကီရိုင်သီက တယ်လီဖုန်းဖြင့် ဆင်ဟွာသို့ ပြောကြားသည်။

အကြောင်းရင်း

ယင်းနေ့အစောပိုင်းကဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှု ဖြစ်ပွားရခြင်းအကြောင်းရင်းကို ရဲတပ်ဖွဲ့က ဖော်ထုတ်နိုင်ခြင်း မရှိသေးကြောင်း ကီရိုင်သီက ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဟီလာရီကလင်တန် နိုင်ငံခြားရေးဝန်ကြီးအဖြစ် စတင်တာဝန်ယူ

ဝါရှင်တန် ဇန်နဝါရီ ၂၂

ဟီလာရီကလင်တန်အား အမေရိကန်သမ္မတဘားရက်အိုဘားမား၏ အစိုးရ အဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရန် အမေရိကန် အထက်လွှတ်တော်က ဇန်နဝါရီ ၂၂ရက်၌ ခွင့်ပြုလိုက်သည်။

ခွင့်ပြု

သမ္မတ ဘားရက်အိုဘားမားက ဟီလာရီကလင်တန်အား နိုင်ငံခြားရေးဝန်ကြီးရာထူး၌ သတ်မှတ်လျာထားခဲ့သော်လည်း အထက်လွှတ်တော်အမတ် ဖြစ်နေသော ဟီလာရီကလင်တန်အနေဖြင့် ဆီးနိတ်၏ ခွင့်ပြုချက် လိုအပ်ခဲ့သည်။

ယခုအခါ အထက်လွှတ်တော်အမတ်များက ထောက်ခံမဲ၉၄မဲ၊ ကန့်ကွက်မဲ နှစ်မဲဖြင့် ခွင့်ပြုခဲ့ပြီဖြစ်ရာ ဟီလာရီကလင်တန်သည် အမေရိကန်အစိုးရအဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် နိုင်ငံခြားရေးဝန်ကြီးဟောင်းကွန်ဒိုလီဇာရိုက်နေရာ၌ အစားထိုးတာဝန်ယူနေပြီဖြစ်သည်။ **(အင်တာနက်)**

တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ်၏ မြို့တော် ဝူဟန်မြို့ရှိ အမျိုးသားဥယျာဉ်ကြီးတွင် ပျော်ပွဲရွှင်ပွဲ ကျင်းပလျက်ရှိရာ ပင်ဂွင်ငှက်မောင်နှံအား လှပစွာ ပြင်ဆင်ထားသည်ကို ဇန်နဝါရီ ၂၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၂၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဗုံးဖောက်ခွဲ တိုက်ခိုက်မှု သီရိလင်္ကာတွင် နှစ်ဦးသေဆုံး

ကိုလံဘို ဇန်နဝါရီ ၂၂

သီရိလင်္ကာနိုင်ငံအရှေ့ပိုင်း ဘက်တီကာလိုအာ မြို့တွင် ဇန်နဝါရီ ၂၁ရက်က ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦး အပါအဝင်နှစ်ဦးသေဆုံးခဲ့ကြောင်း သက်ဆိုင်ရာ အရာရှိများက ပြောကြားခဲ့သည်။

တိုက်ခိုက်

အဆိုပါဗုံးကို ဘက်တီကာလိုအာ မြို့လယ်ကောင်ရှိ အဓိက ရဲစခန်းကြီးတစ်ခု အနီးတွင်ရှိသော စက်ဘီးရပ်နားစခန်းမှ စက်ဘီးတစ်စီးတွင် ဗုံးထောင်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရဲပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ဘီဘီစီသို့ ပြောကြားခဲ့သည်။

ကျောင်းသားငယ်သုံးဦး အပါအဝင် အရပ်သားခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းဖြစ်ရပ်နှင့်ပတ်သက်ပြီး အာဏာပိုင်များက တမီးလ်ကျားသူပုန်များအား အပြစ်တင် ဝေဖန်ခဲ့ကြောင်း၊ သူပုန်များဘက်မှ မည်သည့်တုံ့ပြန်မှုမှ မပြုလုပ်ခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။

ထိုးစစ်ဆင်တိုက်ခိုက်

မကြာသေးမီက သူပုန်များသည် သီရိလင်္ကာအစိုးရတပ်ဖွဲ့များ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် အကြိမ်ကြိမ် ရှုံးနိမ့်မှုများ ကြုံခဲ့ရသည်ဟု ဆိုသည်။

(အင်တာနက်)

မြန်မာ-ထိုင်း နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံ အမျိုးသားသဘာဝဘေးကြိုတင်သတိပေးရေးဗဟိုဌာနဖြစ်သော ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ စွမ်းဆောင်ရည်များ၊ ဘက်စုံသဘာဝဘေး ကြိုတင်သတိပေးရေးစနစ်ဆိုင်ရာ စွမ်းဆောင်ရည်များနှင့် နာဂစ်မုန်တိုင်းဒဏ် ခံရသောဒေသများတွင် ဆောင်ရွက်နေသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ စွမ်းဆောင်ရည်များ စသည်တို့တွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် မြန်မာ-ထိုင်းနှစ်နိုင်ငံ နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အပေါ်ပုံ)

အမှာစကားပြောကြား

ဖွင့်ပွဲအခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းလွင်နှင့် တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦး၊ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွန့်စိန်နှင့် ဝန်ကြီးဌာန အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ထိုင်းနိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Opas Chantarasap၊ အရေးပေါ်ဆေးဝါးကုသရေးစနစ်ဆိုင်ရာ အမျိုးသားတက္ကသိုလ်မှ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် Mr. Anurak Amompetch-sathaprm၊ မိုးလေဝသခန့်မှန်းရေးဗျူရိုမှ ညွှန်ကြားရေးမှူး Mr. Parawit Jampanya နှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းလွင်နှင့် ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Opas Chantarasap တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် အစည်းအဝေးကိုဆက်လက်ကျင်းပရာ ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာန၏ သဘာဝဘေး အန္တရာယ် ကြိုတင်သတိပေးစနစ်ဆိုင်ရာများ၊ မုန်တိုင်းဒဏ်သင့်ဒေသများတွင် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ပညာရေးကဏ္ဍဆိုင်ရာ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ၊ သဘာဝဘေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ အစီအမံများကို ရှင်းလင်းပြောကြားကြပြီး မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်း၍ ဆက်လက်ဆောင်ရွက်ကြမည့် လုပ်ငန်းအစီအစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါအစည်းအဝေးကို ဇန်နဝါရီ ၂၃ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပုတီးကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက်က အဆိုပါကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီးဦးသိန်းဝင်းက ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်ဆုရ မအိဝေမွန်စိုးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

၂၀၀၉ခုနှစ် 'အော်စကာ' ဆုအတွက် ပဏာမအမည်စာရင်းများ ထုတ်ပြန်ကြေညာ

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ် သတင်း

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂၂

(၈၁)ကြိမ်မြောက် အော်စကာဆု ရွေးချယ်ပွဲအတွက် ပဏာမဆန်ခါတင်ရွေးချယ်မှုကို ဇန်နဝါရီ ၂၂ရက်က ပြုလုပ်ခဲ့ရာ အကောင်းဆုံးရုပ်ရှင် ဇာတ်ကားငါးကားနှင့် သရုပ်ဆောင်များ စာရင်းများ ထွက်ပေါ်လာသည်။

ပဏာမ

အကောင်းဆုံးရုပ်ရှင်ဇာတ်ကားအတွက် The Curious Case of Bengamin Button၊ Frost/Nixon၊ Milk၊ The Reader နှင့် Slumdog Millionaire ရုပ်ရှင်ဇာတ်ကားများ ပဏာမရွေးချယ်ခံရသည်။

ဒါရိုက်တာ

အကောင်းဆုံးဒါရိုက်တာများအဖြစ် Slumdog Millionaire ရုပ်ရှင်ဇာတ်ကားရိုက်ကူးသူ ဘွိုင်လီ၊ The Reader ရုပ်ရှင်ဇာတ်ကားရိုက်ကူးသူ စတီဖင်ဒယ်ဒရီ၊ The Curious Case of Benjamin Button ရုပ်ရှင်ဇာတ်ကားရိုက်ကူးသူ ဒေးဗစ်ဖန်ချာ၊ Frost/Nixon ရုပ်ရှင်ဇာတ်ကားရိုက်ကူးသူ ရွန်ဟိုးဝပ်ဒါနှင့် Milk ရုပ်ရှင်ဇာတ်ကား ရိုက်ကူးသူ ရုပ်စ်ဗင်ဆင်တို့က ပဏာမ ရွေးချယ်ခံရသည်။

အမျိုးသားသရုပ်ဆောင်

ထို့အတူ အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆု ပဏာမရွေးချယ်ခံထားရသူများအဖြစ် The Visitor ရုပ်ရှင်ဇာတ်ကားမှ ရစ်ချက်ဂျန်ကင်စ်၊ Frost/Nixon ရုပ်ရှင်ဇာတ်ကားမှ ဖရင့်စ်လန်ဂီယာ၊ Milk ရုပ်ရှင်ဇာတ်ကားမှ စိန်ပင်း၊ The Curious Case of Banjamin Button ရုပ်ရှင်ဇာတ်ကားမှ ဘီရက်ပက်နှင့် The wrestler ရုပ်ရှင်ဇာတ်ကားမှ ရောကီတို့ ရွေးချယ်ခံရသည်။

အမျိုးသမီး

တစ်ဖန် အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင် ပဏာမငါးဦးတွင် Rachel Getting Married ရုပ်ရှင်ဇာတ်ကားမှ အန်နီဟာသာဝေး၊ Changeling ရုပ်ရှင်ဇာတ်ကားမှ အန်ဂျလီနာဂျိုလီ၊ Frozen River ရုပ်ရှင်ဇာတ်ကားမှ မီလီဆာလီရို၊ Doubt ရုပ်ရှင်ဇာတ်ကားမှ မီရေစထရိနှင့် The Reader ရုပ်ရှင်ဇာတ်ကား ကိတ်ဝင်းစလက်တို့ ရွေးချယ်ခံရသည်။

ဇာတ်ပို့ဆု

ထို့အတူ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုအတွက် Amy Adams ၊Penelope Cruz ၊ Viola Davis ၊ Taraji P Henson ၊ Marisa Tomel တို့ ပဏာမရွေးချယ်ခံရပြီး အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုအတွက် Josh Brolin ၊ Robert Downey Jr ၊ Phillip Seymour Hoffman နှင့် Shannon တို့ ပဏာမရွေးချယ်ခံရကြောင်း၊ နောက်ဆုံးအော်စကာဆု ရွေးချယ်ချီးမြှင့်ပွဲကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ ကိုဒတ်ကဇာတ်ရုံတွင် ဖေဖော်ဝါရီ ၂၂ရက်၌ ကျင်းပမည်ဖြစ်သည်။

(အင်တာနက်)

မီး အစဉ် သတိပြု

** ကျော့ဖုံးမှ*

ထိုသို့ ဖြစ်ရခြင်းမှာ အစားအစာနှင့် ပတ်သက်သောအာရုံခံစားမှု ဖြစ်စေသည့် ဦးနှောက်အတွင်းရှိနေရာအစိတ်အပိုင်းသည် အမျိုးသားများတွင်ရှိသည့် ပမာဏထက် အမျိုးသမီးများ၌ရှိသော ပမာဏက ပိုကြီးမားကြောင်း ပြင်သစ်သုတေသနပညာရှင်များ၏ သုတေသနပြုချက်၌ ဆက်လက်ဖော်ပြထားသည်။

ထိန်းချုပ်သင့်

ထို့ကြောင့် အမျိုးသမီးများအနေဖြင့် အစားအစာစားသောက်ရာတွင် ချင့်ချိန်စွာ စားသုံးတတ်သည့် အလေ့အကျင့်ဖြစ်အောင် ငယ်ရွယ်စဉ်ကပင် စနစ်တကျ နေထိုင်စားသောက်ကြရန်နှင့် အဝလွန်မှုမဖြစ်ရန် အစားအစာခုံမင်မှုကို ထိန်းချုပ်သင့်ကြောင်း အကြံပြုထားသည်။

အထက(၂)ဗဟန်း(နန်ယန်) အငွေမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၂

အထက(၂)ဗဟန်း(နန်ယန်)ကျောင်းတွင် (၁၉၆၈-၂၀၀၈)ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသည့် ကျောင်းသား ကျောင်းသူဟောင်းများ၏ အငွေမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၂၅ရက် နံနက် ၁၀နာရီ၌ အထက(၂)ဗဟန်း ကျောင်းဘုရားဆောင်တွင် ကျင်းပမည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြပါရန်နှင့် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသားကျောင်းသူများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အာစရိယပူဇော်ပွဲကျင်းပမည့်ရက်တွင် မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ယာယီဖြစ်မြောက်ရေးကော်မတီ ဖုန်း-၀၉-၈၆၂၅၀၀၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ ခုနှစ် ဇန်နဝါရီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၅-၁-၂၀၀၉) ရက်နေ့

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလအတွက်

(၈-၂-၂၀၀၉)ရက်နေ့ နှင့် (၂၂-၂-၂၀၀၉)ရက်နေ့။

ကျော့ဖုံးမှ

လူ၏ဆီးပင်တွင်ပါဝင်သော ဓာတ်ပစ္စည်းများက တိရစ္ဆာန်တို့၏ စွန့်ပစ်အညစ်အကြေး၊ သစ်ပင် သစ်ရွက် အဆွေးအမြည့်များနှင့် အခြားသော သဘာဝဓာတ်မြေသြဇာများထက် ကောက်ပဲသီးနှံများ ကြီးထွားဖွံ့ဖြိုးမှုကို ပိုမိုအထောက်အကူပေးနိုင်ကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

ထုတ်လွှတ်မှု

ထို့အပြင် ဓာတ်မြေသြဇာစက်ရုံများက ထုတ်လုပ်ထားသော ဓာတ်မြေသြဇာအမျိုးမျိုးထက်လည်း သီးနှံများ ကြီးထွားရန်ပိုမို အကျိုးပြုစေကြောင်း၊ ထို့အပြင် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုကို လျှော့ကျစေသဖြင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကျဆင်းစေရန် တစ်ဖက်တစ်လမ်းက အထောက်အပံ့ပေးကြောင်းလည်း ဖော်ပြထားသည်။

ဆီးပင်မြေသြဇာသည် အပင်နှင့် အသီးအရွက်တို့တွင် ဖြစ်ပွားတတ်လေ့ရှိသောရောဂါပိုးများ ကျရောက်မှုကိုလည်း နည်းပါးစေကြောင်း၊ ဆီးပင်မြေသြဇာသည် ထူးခြားသောဓာတ်ပစ္စည်းများပါဝင်ကြောင်း ၎င်းတို့ကပြောကြားသည်။

ပေါင်းစပ်ထားရှိ

ဆီးပင်မြေသြဇာကိုပြုလုပ်ရာတွင် ဆီးပင်များကိုစုဆောင်းပြီးဆွေးမြည့်စေရန် အခြားသစ်ရွက်ဆွေးများ၊ တိရစ္ဆာန်တို့၏ စွန့်ပစ်အညစ်အကြေးများနှင့် ပေါင်းစပ်ထားရှိရန်သာဖြစ်ကြောင်း၊ မြေသြဇာပြုလုပ်ရန် အကောင်းဆုံးဆီးပင်မှာ ညှပ်ပြီးစ ဆီးပင်များပင်ဖြစ်ကြောင်း၊ ယင်းဆီးပင်များသည် လူတို့၏ဦးရေပြားမှဆံပင်ကို သန်စွမ်းရှင်သန်စေသော ဓာတ်များသို လှောင်ထားနိုင်သည့် အနေအထားရှိနေဆဲ ဖြစ်သောကြောင့်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရှင်သန်ကြီးထွား

ထို့ကြောင့်ဆီးပင်မြေသြဇာကို အသုံးပြုပါက အချိန်တိုအတွင်း ရှင်သန်ကြီးထွားနိုင်သော အသီးအရွက်များအား ဆီးပင်မြေသြဇာ တစ်မျိုးတည်းသုံးစွဲပါက သိသိသာသာ ကြီးထွားဖွံ့ဖြိုးမှုဖြစ်စေကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ သုတေသနပြုချက်၌ ဖော်ပြသည်။

ဆီးပင်မြေသြဇာကိုအသုံးပြုခြင်းကြောင့် ရှင်သန်ကြီးထွားလာသော ဟင်းသီးဟင်းရွက်အသီးအနှံများအား စားသုံးသည့်အခါ လူတို့၏ကျန်းမာရေးကို မည်သို့အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း ဆက်လက်သုတေသနပြုလုပ်သွားမည်ဟု အမေရိကန် သုတေသနပညာရှင်များ၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

ကိုးကား-အင်တာနက်

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက် သန်းသန်းနု ကိုးကားတင်ပြသည်

ဟားခါးနှင့် ပင်လောင်း၌ အေးမြဲအေးနေ

ရန်ကုန် ဇန်နဝါရီ ၂၂

ဇန်နဝါရီ ၂၁ရက်က ကမ္ဘာ့နိုင်ငံများ၏ရာသီဥတုအခြေအနေကိုဖော်ပြရပါလျှင် တရုတ်တစ်နိုင်ငံလုံး၌ အအေးပိုခဲ့ပြီး မြို့တော်ပေကျင်းတွင် နေ့အပူချိန် ၅ဒီဂရီစင်တီဂရိတ်ရှိပြီး ညအပူချိန်မှာ ၈ ဒီဂရီစင်တီဂရိတ်ရှိသည်။ တောင်ကိုရီးယားနိုင်ငံတွင် နေ့အပူချိန် ၇ ဒီဂရီစင်တီဂရိတ်၊ ဂျပန်နိုင်ငံတစ်ဝန်းလုံး၌အပူချိန် ၅ ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းခဲ့သည်။

ဇန်နဝါရီ ၂၂ရက်က ဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေကိုဖော်ပြရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့်သာယာခဲ့သည်။

ပျမ်းမျှအပူချိန်

ညအပူချိန်များမှာ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့သည်။ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့သည်။ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန် ခန့်သာရှိခဲ့သည်။

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့တွင် ၂ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။

ဇန်နဝါရီ ၂၃ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာမည်ဖြစ်သည်။

ဇန်နဝါရီ ၂၃ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်သည်။

တိမ်အသင့်အတင့်

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည် ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

မြင်းခြံနှင့်ညောင်ဦးမြို့များတွင် ဝါဝယ်ယူမှု၊ စိုက်ပျိုးထားမှုနှင့် ငါ့သရောက်မြစ်ရေတင်မှ ပင်မရေမြောင်းအတွင်း သဲနုန်းဆယ်ယူမှု

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၂

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် တင်ငွေသည် ဇန်နဝါရီ ၁၃ရက်က မြင်းခြံမြို့၊ ညောင်ဦးမြို့များ၌ ဝါဝယ်ယူမှုအခြေအနေ၊ ဝါစိုက်ပျိုးမှုအခြေအနေ၊ ငါ့သရောက်မြစ်ရေတင်မှ ပင်မရေမြောင်းအတွင်းရှိ သဲနုန်းများ ဆယ်ယူနေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

တိုင်းမှူးသည် နံနက် ၁၁နာရီ၁၀မိနစ်တွင် မြင်းခြံမြို့ အမှတ်(၁၃)ရပ်ကွက်ရှိ စိုက်ပျိုးရေးရုံးဝင်းအတွင်းရှိ မြန်မာ့ပိုးချည်နှင့် ဝါလုပ်ငန်းနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနတို့မှ ဒေသခံတောင်သူများရောင်းချသည့် အထွက်တိုးငွေချည်(၆)မျိုးဝါများကို ကတ္တားငါးလုံးဖြင့် ဝါဝယ်ယူနေမှုအခြေအနေ**(ယာပုံ)**၊ အရည်အသွေးတိုင်းစက်ဖြင့် တိုင်းတာမှုအခြေအနေ၊ ရေငွေ့ပါဝင်မှုတိုင်းတာစက်ဖြင့် တိုင်းတာမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဝယ်ယူသွားမည်

မြင်းခြံခရိုင်အတွင်းရှိ ကျေးရွာပေါင်း ၈၅ရွာတွင် ငွေချည်(၆) ချည်မျှင်ရှည်ဝါကို ဧက၂၁၀၇၀စိုက်ပျိုးခဲ့ရာ စုစုပေါင်း ၉၃၂၆၈၀၅ ပိဿာထွက်ရှိမည်ဟု ခန့်မှန်းပြီး ယနေ့အထိ ဝယ်ယူရရှိမှုမှာ ၅၀၇၀၈၈ပိဿာဖြစ်ကြောင်းနှင့် ဝါဝယ်ယူခြင်းလုပ်ငန်းများကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁ရက်မှ စတင်ခဲ့ပြီး ၂၀၀၉ခုနှစ် မတ်လကုန်အထိ နေ့စဉ်ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် မြင်းခြံ-ညောင်ဦးသွားကားလမ်းအနီးတွင် ငါ့သရောက် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ ပေးပို့သောရေများ ပင်မမြောင်းမကြီး၌ စီးဆင်းမှုမြန်ဆန်စေရေးနှင့် တာပေါင်ကြံ့ခိုင်မှုရှိရေးအတွက် စက်ယန္တရားများသုံး၍ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးနိုင်

ငါ့သရောက်မြစ်ရေတင်သည် ရေတင်အဆင့်(၁၈)ဆင့်ရှိကာ နုန်းဆည်၍ ပြုပြင်လျက်ရှိရာ ယနေ့အထိ လုပ်ငန်းအားလုံး၆၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်းနှင့် အဆိုပါ မြစ်ရေတင်မှ လယ်ဧက ၆၈၀၀ စိုက်ပျိုးနိုင်ကြောင်း သိရသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့သည် မြင်းခြံ-ညောင်ဦးသွားကားလမ်းဘေး ညောင်ဦးမြို့နယ် ဘုရားလေးကုန်းကျေးရွာရှိ ကွင်းအမှတ်(၁၃၄)တွင် တောင်သူဦးချို၏ လယ်မြေ နှစ်ဧက၌ ဖြစ်ထွန်းအောင်မြင်နေသည့် စိုက်ရက် ၉၀ရှိ ငွေချည်(၆)ချည်မျှင်ရှည်ဝါ ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

Mobile Corner ဆိုင်သစ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

Mobilemate Telecommunications Co., Ltd. ၏ ဆိုင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ Capital Hyper Market ရှိ Mobile Corner Showroom ၌ ကျင်းပရာ ရှေးဦးစွာ Executive Director ဦးကောင်းထက်နှင့် Director ဦးဝေယံတို့က ဆိုင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် Managing Director ဒေါက်တာကျော်ထူးလင်း၊ Director ဒေါ်သဒ္ဒါဖြူနှင့် တာဝန်ရှိသူများ၊ တက်ရောက်လာသော ဧည့်သည်တော်များက အရောင်းပြခန်းအတွင်းသို့ ကြည့်ရှုလေ့လာကြပြီး Operation Director ဦးကောင်းဆက်က ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ Mobile Corner (One Stop Convenience Mobile Shop)တွင် လက်ကိုင်ဖုန်းဈေးကွက်၌ နာမည်ကြီးအမှတ်တံဆိပ်များဖြစ်သည့် NOKIA, Sony Ericsson, LG, Apple, Samsung, HTC, Black Berry စသည့် အဆင့်မြင့် လူကြိုက်များသော GSM Handset များ၊ TDMA Handset များ၊ CDMA 800MHz Handset များ၊ Pantech &Cuirtel, Ubiquam အစရှိသော ကမ်းရိုးတန်းသုံး CDMA 450MHz Handset များနှင့် Mobilemate Telecommunications မှ တစ်ဦးတည်းကိုယ်စားလှယ်ယူကာ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းဖြန့်ချိနေသော Korea နိုင်ငံထုတ် AXESSTEL အမှတ်တံဆိပ် CDMA 450MHz Fixed Wireless Phone (အထိုင်ဖုန်း) များရောင်းချပေးမည်။ ဆိုင်သစ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် ဇန်နဝါရီ၃၁ရက်အထိ GSM Handset ဝယ်ယူပါက ၅ရာခိုင်နှုန်း၊ CDMA 450MHz Handset သို့မဟုတ် AXESSTEL Fixed Wireless Phone ဝယ်ယူပါက ၁၀ရာခိုင်နှုန်း၊ Nokia Original ဆက်စပ်ပစ္စည်းများ ဝယ်ယူပါက ၁၀ရာခိုင်နှုန်း၊ Golla Bag နှင့် Accessories များ ဝယ်ယူပါက ၁၀ရာခိုင်နှုန်း၊ Mobile Contents(Applications Software) များထည့်သွင်းပါက ၁၀ရာခိုင်နှုန်းနှင့် VIP Care Card ဝယ်ယူပါက ၁၀ရာခိုင်နှုန်း လျှော့ချ ရောင်းချမည်ဖြစ်ကြောင်း၊ ထိုကာလအတွင်းလာရောက်အားပေးကြည့်ရှု ဝယ်ယူသူများကို Ringtone နှင့် Wallpaper များ လက်ဆောင်အဖြစ် အခမဲ့ထည့်သွင်းပေးမည်ဖြစ်သည်။

Mobile Corner ဆိုင်ကို နေ့စဉ်နံနက်၁၀နာရီမှ ညစနာရီခွဲအထိ ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်ကြောင်း၊ ဆက်သွယ်ဝယ်ယူလိုပါက Mobile Corner One Stop Convenience Mobile Shop အခန်းအမှတ်(၂၁၀-B)ပ-လွှာ Capital Hyper Market ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၁၅၃၃ လိုင်းခွဲ(၂၁၀)နှင့် ရုံးချုပ် Mobilemate Telecommunications Co.,Ltd. (Head Office) အမှတ် ၀၄-၀၃ ရွှေဟင်္သာတာဝါ ဖမိုင်ခွဲ လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၀၇၄၀၀ နှင့် ၀၁-၅၀၁၀၆၂ လိုင်းခွဲ(၁၂၁) တို့သို့ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Mobilemate Telecommunications Co.,Ltd. ဆိုင်သစ်တွင် လာရောက်ကြည့်ရှု ဝယ်ယူသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၀၉) ဖွင့်ပွဲ စဉ့်ကူးမြို့နယ်တွင် ကျင်းပ

စဉ့်ကူး ဇန်နဝါရီ ၂၂

စဉ့်ကူးမြို့နယ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၀၉)ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ရက် နံနက် ၈နာရီက စဉ့်ကူးမြို့ ရွှေမုဋ္ဌောမြတ်စွာဘုရား ဓမ္မာရုံ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်းမောင်လူ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်လွင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းစန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ချမ်းငြိမ်းထွေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ် လူမှုရေးအသင်းအဖွဲ့များ၊ အသက် ငါးနှစ်အောက်ကလေးငယ်များနှင့် မိခင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်းမောင်လူက အဖွင့်အမှာ စကားပြောကြားသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်လွင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နန်းစန်းလှိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချမ်းငြိမ်းထွေးနှင့် တာဝန်ရှိသူတို့က ငါးနှစ်အောက်ကလေးများအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးပြီး **(အပေါ်ပုံ)** စားစရာနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ကြောင်း သိရသည်။

(မြို့နယ် ပြန် /ဆက်)

ပန်းအလှပင်နှင့် အရိပ်ရပင်များ ပျိုးထောင်

ပင်လုံမြို့ စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွက် ပန်းအလှပင်နှင့် အရိပ်ရပင်များ ပျိုးထောင်ထားရှိမှု အခြေအနေကို လွိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဂျော့ချ်မျိုးမြင့် စစ်ဆေးရာ မြို့တာဝန်ခံဦးစီးအရာရှိ ဦးသောင်းထွန်းဇော်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဟောပြောပွဲ၊ သင်တန်းဆင်းပွဲနှင့် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းက ကြီးမှူး၍ ကိုယ်ပိုင်လုပ်ငန်းငယ်များ၏ တိုးတက်မှုဟောပြောပွဲ၊ ဆံပင်၊ မိတ်ကပ် ဘာသာစုံ အလှပြုပြင်ရေး သင်တန်း အမှတ်စဉ်(၁/၂၀၀၈) ဆင်းပွဲနှင့် (၂/၂၀၀၉)ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ရက်က ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းဝင် MON MON'S Beauty Salon မှ သင်တန်းအုပ်ချုပ်သူ ဒေါ်မွန်မွန်မြင့်က မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ တိုက်တွန်းအားပေးမှုဖြင့် သင်တန်းဖွင့်လှစ်နိုင်ခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း တည်ထောင်သူအကြံပေးပုဂ္ဂိုလ် အငြိမ်းစားပါမောက္ခဒေါ်ရီရီမြင့်က ကိုယ်ပိုင်လုပ်ငန်းငယ်များ၏တိုးတက်မှု ခေါင်းစဉ်ဖြင့် ဟောပြောပို့ချသည်။

ဆက်လက်၍ အသင်းဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီက ဆံပင်၊ မိတ်ကပ် ဘာသာစုံ အလှပြုပြင်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၀၈)မှ သင်တန်းသူ ၁၀ဦးအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။ **(အပေါ်ပုံ)**

ယင်းနောက် သင်တန်းအုပ်ချုပ်သူ ဒေါ်မွန်မွန်မြင့်က အသင်းအတွက်အလှူငွေကျပ် ငါးသောင်းကို ပေးအပ်လှူဒါန်းရာ အသင်းတည်ထောင်သူအကြံပေးပုဂ္ဂိုလ် အငြိမ်းစားပါမောက္ခဒေါ်ရီရီမြင့်က လက်ခံယူကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

23-1 (06).pmd 1 1/23/2009, 2:56 AM

အမြို့မြို့ အနယ်နယ် လိုတိုရှင်း သတင်းများ

သဲကုန်း၌ စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်း

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် သဲကုန်းမြို့နယ် ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်လှူဒါန်းပွဲကို ဇန်နဝါရီ ၁၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးစောမျိုးချစ်က စံ(၅)ရပ်နှင့် ပြည့်စုံသော စာကြည့်တိုက်များ ထူထောင်မှုအခြေအနေများရှင်းလင်းကာ ဌာနဆိုင်ရာများနှင့် အလှူရှင်များက လှူဒါန်းသောစာအုပ်မျိုးစုံ ၂၀၀၀ကို မြို့နယ်ပညာရေးမှူး ဦးရဲမြင့်က ပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ရမ်းဗြဲမြို့ မြနန္ဒာလမ်း ကျောက်ချောခင်း

ရမ်းဗြဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော မြို့ပြငွေလုံးငွေရင်းလုပ်ငန်းဖြစ်သည့် မြနန္ဒာလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းဆန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဦးကျော်ညွန့်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ *(မြို့နယ်စည်ပင်)*

တာချီလိတ် ဘိုးဘွားရိပ်သာလမ်း ကတ္တရာခင်း

တာချီလိတ်မြို့ ဘိုးဘွားရိပ်သာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၆ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလှမျိုး ဦးဆောင်သောဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးကျော်သူ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရွှေဘိုမြို့ မူကြိုရင်သွေးငယ်များ ကာယစွမ်းရည်ပြိုင်

ရွှေဘိုမြို့ လူမှုဝန်ထမ်းဦးစီးဌာန ရင်သွေးငယ်များ၏ ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကြီးအောင်အားကစားကွင်း မိုးလုံလေလုံခန်းမ၌ ဇန်နဝါရီ ၁၅ရက် နံနက်၉နာရီက ကျင်းပရာ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်မြင့်၊ တိုင်းလူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစံမြင့်၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ထွေးနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။ *(ခရိုင် ပြန်/ဆက်)*

စာကြည့်တိုက် ရေရှည်တည်တံ့ရေး ဆောင်ရွက်

ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းမေသည် ဇန်နဝါရီ ၁၄ရက်က ညောင်ပင်လှအုပ်စုနှင့် မကျီးသုံးပင်အုပ်စုရှိ ကျေးရွာစာကြည့်တိုက်များသို့ သွားရောက်ကာ ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်ကော်မတီဝင်များအား စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စံ(၅)ရပ်နှင့်အညီ လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ရေး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ *(၀၇၀)*

မင်းတပ်မြို့၌ အရန်သားဖွားသင်တန်းဆင်း

ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ အစီအစဉ်ဖြင့် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် အရန်သားဖွားဆရာမ ခြောက်လသင်တန်း သင်တန်းဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ရက် နံနက်က မင်းတပ်မြို့ ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ *(ခရိုင် ပြန်/ဆက်)*

ကျွန်းကုန်း-သီရိခို ကျေးရွာချင်းဆက် လမ်းဖောက်

လှိုင်းဘွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော ကျွန်းကုန်း -သီရိခိုကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ခြင်းကို ဒီဇင်ဘာ ၃၀ရက်က ကျေးရွာ ပြည်သူများနှင့် မြို့နယ်အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်နှင့် အဖွဲ့ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကန်ပက်လက်၌ မူလတန်းကျောင်းပေါင်းစုံ ဘောလုံးပြိုင်

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် အခြေခံပညာမူလတန်း ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၂၁ရက်က ကန်ပက်လက်မြို့ အခြေခံပညာ အထက်တန်းကျောင်းဘောလုံးကွင်း၌ကျင်းပရာ ကန်ပက်လက်မြို့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် မခံ့ထွီအခြေခံပညာမူလတန်းကျောင်းတို့ ယှဉ်ပြိုင်ကြရာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ *(မြို့နယ် ပြန်/ဆက်)*

ကန့်ဘလူ ပြန်/ဆက် သစ္စာမော်ကွန်း စာစောင်ဖြန့်ဝေ

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သစ္စာမော်ကွန်းလက်ကမ်းစာစောင်ကို ကန့်ဘလူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တာဝန်ခံထုတ်ဝေပြီး စာကြည့်တိုက်များ၊ ကျောင်းများ၊ မြို့နယ်ဦးစီးဌာနများသို့ အခမဲ့ ဖြန့်ဝေလျက်ရှိသည်။ ယင်းလက်ကမ်းစာစောင်တွင် နိုင်ငံတော်အကြီးအကဲ၏ အဆိုအမိန့်များ စာကြည့်တိုက်လုပ်ငန်းဖွံ့ဖြိုးရေး လမ်းညွှန်များနှင့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များကို ကဗျာ၊ ကာတွန်း၊ ဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်။ *(၀၂၇)*

နောင်တရား၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် နောင်တရားမြို့နယ် ကျန်းမာရေးဌာနက ကြီးမှူး၍ ပထမအကြိမ် ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးပွဲကို ဇန်နဝါရီ ၁၀ရက် နံနက် ၆ နာရီမှစတင်၍ မြို့ပေါ် (၃)ရပ်ကွက်နှင့် ကျေးရွာကျန်းမာရေးဌာနခွဲရှစ်ခုရှိ ကျေးရွာများတွင် တစ်ပြိုင်တည်း တိုက်ကျွေးခဲ့ကြသည်။ *(၀၂၂)*

ကဒပ္ပနရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းခွင် လယ်ယာ/ဆည်မြောင်းဝန်ကြီးဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် ဇန်နဝါရီ၁၉ရက် မွန်းလွဲ ၁နာရီခွဲက ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကဒပ္ပနကျေးရွာအနီး ကဒပ္ပနချောင်းပေါ်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က တာဝန်ယူတည်ဆောက်နေသော ကဒပ္ပနရေထိန်းတံခါး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ညွှန်ကြားရေးမှူး ဦးစိုးမြင့်ထွန်းက ရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ဝန်ကြီးသည် စက်ယန္တရားကြီးများဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** သတ်မှတ်ကာလအတွင်း လုပ်ငန်းများ သတ်မှတ်စံများအတိုင်း ပြီးစီးရေး၊ တည်ဆောက်ရေးပစ္စည်းများ ခြိုးခြံချွေတာရေး မှာကြားသည်။

အကျိုးကျေးဇူး

အဆိုပါရေထိန်းတံခါးပြီးစီးပါက ကျောက်တန်းမြို့နယ်နှင့် သုံးခွမြို့နယ်ရှိ မြေဧက ၁၅၀၀၀ကို မိုးရာသီ ရေလွှမ်းမိုးမှုမှ သက်သာစေခြင်း၊ မိုးစပါးအောင်ရေအတွက် ဖြည့်ဆည်းပေးနိုင်ခြင်း၊ ပင်လယ်ရေများ၊ သဲနုန်းများ ဝင်ရောက်ခြင်းမှ ကာကွယ်ပေးခြင်းနှင့် နွေရာသီ စိုက်ပျိုးသီးနှံများအား ရေပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မုန်တိုင်းကြောင့် ပျက်စီးသွားသော သုံးခွမြို့နယ် ပိုက်ဆီးမရမ်းတာတမံကို စက်ယန္တရားကြီးများဖြင့် မူလအမြင့် ပြည့်မီစေရန် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ပြန်လည်တည်ဆောက်ပေး

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ ကျောက်တန်း၊ သုံးခွမြို့နယ်များရှိ ပင်လယ်ကမ်းပတ်တာများတွင် မုန်တိုင်းကြောင့် တာနိမ့်ကျ ပျက်စီးမှုများရှိခဲ့သဖြင့် ယင်းတို့ကို မူလတာပုံစံအတိုင်း အခိုင်အမာပြန်လည်တည်ဆောက်ပေးလျက်ရှိရာ လယ်မြေဧရိယာ ၁၂၈၂၄၅ဧကအား ရေကြီးနစ်မြုပ်မှုနှင့် ရေငန်များဝင်ရောက် ဖုံးလွှမ်းမှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်ပြီး ဒေသခံတောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကို အထောက်အကူဖြစ်မည်ဟု သိရသည်။ **(သတင်းစဉ်)**

MRTV- 4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁-၂၀၀၉ (သောကြာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**အဿဖိသုတ္တန်** တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၈း၀၅-၂း၀၅	ရွှေဘုန်းပွင့်စေတီတော် မြတ်ကြီး ပဥ္စမအကြိမ် ဘက်စုံပြုပြင်ရေး
၈း၂၀-၂း၂၀	တေးဂီတအစီအစဉ်
၈း၂၅-၂း၂၅	ပီတိနှလုံး ရွှင်ကြည်ပြုံးစေခဲ့ရသော အထက(မုတ္တမ)၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ
၈း၅၀-၂း၅၀	VJ Choice
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	ယနေ့သိပ္ပံနှင့် နည်းပညာ
၉း၄၀-၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅-၃း၄၅	မြန်မာစာ မြန်မာစကား
၁၀း၀၀-၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅-၄း၀၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀း၂၅-၄း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀-၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅-၄း၃၅	Yangon Panorama (Revlon အရောင်းကောင်တာသစ်ဖွင့်ပွဲ အခမ်းအနား)
၁၀း၄၅-၄း၄၅	Activities in the City [အထက(၂) မင်္ဂလာဒုံ အောင်ဆန်းသူရိယလှသောင်းကျောင်း မြတ်ဆရာပူဇော်ပွဲ]
၁၁း၀၅-၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅-၅း၁၅	လေလှိုင်းမှဖြေကြားပရိသတ်များအမေးစကား
၁၁း၂၅-၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	ဗုဒ္ဓဝင်နိပါတ်တော်နှင့် ကျင်းပလာ ပုသိမ်မြို့ရဲ့ နိဂြောဓာ
၁၁း၅၅-၅း၅၅	ဓာတ်ပုံထဲမှ အမှတ်တရများ စန္ဒီမြင့်လွင်
၁၂း၁၀-၆း၁၀	တစ်ကွင်းတစ်စပ် မြစ်ရေတင်လုပ်ငန်းများ
၁၂း၂၀-၆း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅-၆း၂၅	စားချင်စဖွယ် နည်းအသွယ်သွယ်
၁၂း၄၅-၆း၄၅	**သတိတစ်ချက်၊ တစ်သက်အမှား** ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV- 4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ယင်သူမိုးမသိပါ တတိယပတ်မြောက်ပြသ THE FORBIDDEN KINGDOM တစ်ကျော့ပြန်ဝင်လာ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဇန်နဝါရီ ၂၂

မစန္ဒာ၏ဝတ္ထုကို အိအိခိုင်ဇာတ်ညွှန်းခွဲပြီး ရိုက်ကူးထားသည့် ယင်သူမိုးမသိပါ ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် နဝဒေးရုံများတွင် တတိယပတ်မြောက် ဆက်လက်ပြသနေဆဲ ဖြစ်သည်။

ဒါရိုက်တာ ညီညီထွန်းလွင်ရိုက်ကူးပြီး ရဲအောင်၊ နေတိုး၊ ထွန်းထွန်း၊ အိန္ဒြာကျော်ဇင်၊ ပုလဲဝင်း၊ သင်ဇာဝင့်ကျော်နှင့် ချောရတနာတို့ ပါဝင်ထားသည့် **အကယ်ဒမီရှေ့** ဟာသဇာတ်မြူးကားမှာ မြို့လယ် ဝဇီရာ၊ လှိုင်သာယာ ဝဇီရာ (၂)နှင့် မြရတနာရုံများတွင် ဆက်လက်ဖြေဖျော်နေဆဲ ဖြစ်သည်။

နိုင်ငံခြားဇာတ်ကားများ

မင်္ဂလာရုံတွင် ဂျက်ကီချန်း၊ ဂျက်လီတို့ ခေါင်းဆောင်ပါဝင်ထားသည့် **The Forbidden Kingdom** ကွန်ဖူးဇာတ်ကား တစ်ကျော့ပြန် ရုံဝင်လာသည်။ ရွှေ့ဆောင်ရုံတွင် **Transporter-3** ပြသနေပြီး နေပြည်တော်ရုံတွင် ပြီးခဲ့သည့် အပတ်က ရုံဝင်လာသော **Eagle Eye** ကို ကြည့်ကြရမည် ဖြစ်သည်။

အိန္ဒိယဇာတ်ကားများ

အိန္ဒိယ နာမည်ကြီးသရုပ်ဆောင်များဖြစ်သော အက်ရှေးကူးမား၊ ဆန်နီဒိုးလ်၊ ဆူးနီးလ်ရှက်သီးတို့အဓိကပါဝင်ထားသည့် **Jaani Dushman** ဇာတ်ကားမှာ တန်းမြင့်မြို့မရုံတွင် ရုံဝင်လာသည်။ မြွေမင်းသမီးက တန်ပြန် လက်စားချေခြင်း ခံရသော ယောကျ်ားများအကြောင်း ဇာတ်လမ်းဆင်ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ဘုရင့်ရုံတွင် **Krrish** ကို ကြည့်ကြရမည်ဖြစ်ပြီး ဆုထူးပန်ရုံတွင် သူငယ်ချင်းအမည်ရ **Dosti** အိန္ဒိယဇာတ်ကား ပြသနေသည်။

ကောလာဟလ

ဒါရိုက်တာ မောင်သီရိုက်ကူးပြီး ကျော်ရဲအောင်၊ လွင်မိုး၊ ခန့်စည်သူ၊ မင်းသစ္စာ၊ ထွန်းထွန်း၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာ၊ ခိုင်သင်းကြည်၊ လှအဉ္ဇလီတင့်၊ ချောရတနာ၊ ဖူးစုံနှင့်စိုးပြည့်သဇင်တို့ ပါဝင်ထားသည့် **ကောလာဟလ** အဆင့်မြင့်မြန်မာဗီဒီယို ဇာတ်ကားမှာ မြေနီကုန်းရတနာပုံ၊ ဘုရင့်နောင်၊ ရွှေဗဟိုရ်၊ ဧရာဝတီရုံများတွင် ရုံဝင်လာသည်။ ညီအစ်ကိုသုံးယောက်နှင့် ညီအစ်မသုံးယောက်တို့၏ ကောလာဟလကို တဝါးဝါး တဟားဟားပွဲကျစေရမည်ဟု ဆိုသည်။

ဆွေတစ်ရာမောင်တစ်ကျိပ်ရိုက်မည်

အကြည်တော်၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာမီးပွားက စိမ်းဝါနီ ရုပ်ရှင်အတွက် **ဆွေတစ်ရာမောင်တစ်ကျိပ်** ရုပ်ရှင်ဇာတ်ကားကြီးအဖြစ် ရိုက်ကူးတော့မည်ဖြစ်သည်။ **ဆွေတစ်ရာမောင်တစ်ကျိပ်** တွင် ခန့်စည်သူ၊ ပြေတီဦး၊ ခိုင်သင်းကြည်၊ ခိုင်နှင်းဝေ၊ မြင့်မြင့်ခိုင်၊ ချိုပြုံး၊ အောင်လွင်၊ ဇော်ဝမ်းနှင့် ဧရာတို့ ပါဝင်ထားကြသည်။ မိသားစုဘဝ သရုပ်ဖော် ဒရာမာဇာတ်ကားဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ယင်သူမိုးမသိပါ **ဇာတ်ကားမှ ချစ်သုဝေနှင့် လူမင်း။**

Eagle Eye **ဇာတ်ကားမှ လှုပ်ရှားမှုတစ်ကွက်။**

● *ကျောဖုံးမှ*

မြန်မာ့ရုပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံသည် မြင့်မားသည့်တောင်ထိပ်ပေါ်၌ တည်ဆောက်ထားရာ တာဝါတိုင်ကြီးမှာ အိမ်များ၌ TV အင်တင်နာ ထောင်ထားသည့် တိုင်ကဲ့သို့ မှုန်ပြပြသေးသေးပင် မြင်ရသည်။ နိုင်ငံ့တာဝန်ကို တောရိုင်းဆင်နှင့် သားရဲတိရစ္ဆာန်များကိုပင် အလေးမထားဘဲ တောင်အောက်နှင့်တောင်ပေါ် တစ်နေ့တစ်ကြိမ်ပင် တက်၊ဆင်းရန် ခက်ခဲသော်လည်း ကျေပွန်ကြသည့် မြန်မာ့ ရုပ်မြင်သံကြားဝန်ထမ်းများအား မှန်းဆ ချီးကျူးလိုက်မိပါသည်။

ဖွံ့ဖြိုးတိုးတက်မှု

ဘူးသီးတောင်ဆိပ်ကမ်းတွင် စစ်တွေသို့ သွားမည့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်မျိုးနှင့်တွေ့ဆုံခဲ့ပြီး ရိပ်သာ အပေါ်ထပ် ခန်းမကျယ်ကြီး၌ ဘူးသီးတောင်မြို့နယ် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံခွင့်ရပြီး မြန်မာ့အလင်းသတင်းအဖွဲ့သည် ဘူးသီးတောင်မြို့နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို မေးမြန်းသိရှိခွင့်ရခဲ့သည်။

"ဘူးသီးတောင်မြို့နယ်ဟာ စတုရန်း မိုင်ပေါင်း ၇၈၀(၄၉၉၁၉၁ဧက) ကျယ်ဝန်းပြီး မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၈အုပ်စုရှိပါတယ်။ ကျေးရွာပေါင်း ၃၃၉ ရွာရှိပါတယ်။ တစ်မြို့နယ်လုံး လူဦးရေ ၂၈၀၀၀၀ကျော် ရှိပါတယ်။ အထက်တန်းကျောင်း သုံးကျောင်း၊ အထက်တန်းကျောင်းခွဲတစ်ကျောင်း၊ တွဲဖက်အထက်တန်းကျောင်း တစ်ကျောင်း၊ အလယ်တန်းကျောင်း ခြောက်ကျောင်း၊ အလယ်တန်း ကျောင်းခွဲ နှစ်ကျောင်း၊ မူလတန်းကျောင်း ၁၄၅ ကျောင်း၊ မူလတန်းလွန် ၁၅ ကျောင်းနှင့် မူကြိုကျောင်း တစ်ကျောင်း ရှိပါတယ်။ ကျောင်းသား ကျောင်းသူ ၅၇၀၀၀ကျော်ကို ဆရာဆရာမ ၉၀၀ကျော်က ပညာသင်ကြားပို့ချပေးလျက်ရှိပါတယ်။ မြို့နယ်အတွင်း မြို့နယ်ဆေးရုံတစ်ခု၊ တိုက်နယ်ဆေးရုံတစ်ခု၊ ကျေးလက်ကျန်းမာရေးဌာန ခုနစ်ခုရှိပြီး၊ ၂၀၀၇-၂၀၀၈ခုနှစ်အတွင်း ဆေးရုံနှစ်ခုက ပြင်ပလူနာ ၂၆၃၇၁ ဦးနှင့် အတွင်းလူနာ ၈၅၈ဦး ကုသပေးပြီး ကျေးလက်ကျန်းမာရေး ခုနစ်ခုက ကိုယ်ဝန်ဆောင်မိခင် ၁၂၄ဦးကို မိခင်ရောကလေးပါ ကျန်းမာစွာ မွေးဖွား ပေးနိုင်ခဲ့ပါတယ်"ဟု မြို့နယ်အတွင်းရေးမှူး ဦးအောင်ရွှေဇံက ဦးစွာရှင်းပြသည်။

ဘူးသီးတောင်မြို့တွင်းလမ်း ကျောက်ချောခင်းခြင်းကိုလည်း ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

သစ်တောရေးယာ

ဘူးသီးတောင် သစ်တောဦးစီးဌာနမှ တောအုပ် ဦးကျော်စိန်မြက မြို့နယ်အတွင်း ပျဉ်းကတိုး၊ ကျွန်းဧက ၅၀၁၀တွင် ကျေးရွာသုံးထင်းစိုက်ခင်း၊ သစ်ဆိမ့်စိုက်ခင်းများရှိကြောင်း၊ ဘူးသီးတောင်မေယု သစ်တောကြိုးဝိုင်းအတွင်း ဆင်၊ ကျား၊ ဆတ်၊ ဂျီ၊ မျောက်၊ ဖြူ၊ တောကြောင်၊ သမင်၊ တောခွေး၊ ဝက်ဝံ၊ တောဝက်များ ရှိကြောင်း၊ သစ်တောကြိုးဝိုင်းမှာ ၁၆ ဒသမ၆၇ စတုရန်းမိုင်၊ ၁၀၈၆၃ဧက ကျယ်ဝန်းပြီး တောရိုင်းတိရစ္ဆာန်များ၊ ကျေးငှက်များ သဘာဝအတိုင်း နေထိုင်ကျက်စားလျက်ရှိကြောင်း၊ စိုင်းတင်ကြိုးပြင်ကာကွယ်တော ၁၉၆၁၄၂ ဧကရှိကြောင်း ဆက်လက်ရှင်းပြသည်။

သတင်းအဖွဲ့ မောင်တောမြို့မှလာစဉ် ဘူးသီးတောင်မြို့နယ်စပ်၌ သစ်ထုတ်လုပ်ရေးအဖွဲ့က ဆင်၊ စက်ယန္တရားများနှင့် သစ်များထုတ်လုပ်နေသည်ကို မြင်တွေ့ခဲ့ရသည်။ မတ်စောက်သည့် ချောက်ကမ်းပါးထိပ်မှ ရေစီးသန်သဖြင့် ရေစီးမြောင်းကြီးအဖြစ် ကျန်နေသည့်နေရာမှ ဆင်ဖြင့် သစ်တုံးများ မျှောချနေသည်ကို လှမ်းမြင်ရသည်။ မော်တော်ကားလမ်းပေါ်မှ သစ်တုံးများနှင့် ဆင်ကို ခပ်သေးသေးအဖြစ် တွေ့မြင်ရသည်အထိ မေယုတောင်တန်းမှာ မြင့်မားမတ်စောက်နေသည်။ ကျွန်း၊ ပျဉ်းကတိုး၊ သရက်၊ သီဟိုဠ်၊ ပိန္နဲ၊ တည်း၊ မန်ကျည်း၊ ရော်ဘာ၊ သစ်ဆိမ့်၊ တမာ၊ မဲဇလီပင်များ ပေါက်ရောက်နေသည်။

သစ်တောစိုက်ခင်း

သတင်းအဖွဲ့သည် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလွင်မောင်မောင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်အမာရီ၊ တောအုပ် ဦးကျော်စိန်မြတို့နှင့် အတူ ဘူးသီးတောင်မြို့မှ ခြောက်မိုင်အကွာရှိ မော်တောမြို့ သွားလမ်းမဘေးရှိ ကျွန်း၊ ပျဉ်းကတိုးစိုက်ခင်းတွင် အောင်မြင်ရှင်သန်နေသည့် စိုက်ခင်းကို ဓာတ်ပုံသတင်းထောက် ဦးတင်စိုးက မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးသည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် ဧည့်ရိပ်သာသို့ ပြန်ရောက်သည်နှင့် မြို့နယ် စိုက်ပျိုးရေး မန်နေဂျာဦးစိန်ထွန်းမြ၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြအောင်သာတို့နှင့် တွေ့ဆုံပြီး မြို့နယ် မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံ၊ ဆီထွက်သီးနှံ စိုက်ပျိုး၊ ရိတ်သိမ်း၊ အထွက်တို့ကို မေးမြန်း သိရှိခွင့်ရခဲ့ပြန်သည်။

ဘူးသီးတောင်မြို့နယ်တွင် ၂၀၀၈-၂၀၀၉ခုနှစ် မိုးစပါး ၇၉၇၀၆ဧကတွင် မနောသုခ၊ ရတနာအောင်၊ မနော်ဟရီ၊ ကျော်ဇေယျ၊ ဆင်းသွယ်လတ်မျိုး အပါအဝင် စပါး ၁၄ မျိုး စိုက်ရာ ဒီဇင်ဘာ ၂ ရက်နေ့ အထိ ၆၇၂၄၅ဧကေ ရိတ်သိမ်းပြီးဖြစ်ကာ စပါး၅၀၁၃၉၄၀ တင်းထွက်သဖြင့် ဒေသပျမ်းမျှ အထွက်နှုန်းမှာ ၇၄ ဒသမ ၅၆တင်း ဖြစ်ကြောင်းသိရသည်။

၂၀၀၇-၂၀၀၈ ခုနှစ်တွင် ဘူးသီး တောင်မြို့နယ် ဒေသအထွက်နှုန်းမှာ ၇၁ဒသမ ၅တင်းဖြစ်ပြီး ဆန်ဖူလုံမှုမှာ ၁၃၈ ရာနှုန်းဖြစ်သည်။ မြို့နယ်အတွင်း နွေစပါး ၁၁၁၇၈ ဧက၊ ဆောင်းသီးနှံ ၄၇၆၀၄ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ ယခုအခါ ၂၀၇၅၃ ဧက စိုက်ပျိုးပြီးစီးနေပြီဟု သိရသည်။

ဆီထွက်သီးနှံ

ဆီထွက်သီးနှံတွင် ဆောင်းမြေပဲ၊ နှမ်း၊ ဆီမုံညင်း၊ နေကြာများ စိုက်ပျိုးရာ နေကြာမှာ သီးညှပ်အဖြစ် စိုက်ပျိုးသဖြင့် တစ်ဧက ၂၂တင်းသာ ထွက်၍ သီးသန့်စိုက်ပါက ယခုထက်ပိုမိုထွက်နိုင်ကြောင်း သိရသည်။ မြို့ဝင်/ မြို့ထွက် စံပြမိုးစပါး ဧက ၄၀၀ တွင် ဒေသခံလယ်သမားကြီးများကို နည်းပညာပံ့ပိုးကာ မနောသုခ၊ဆင်းသွယ်လတ် မျိုးစပါးများ စိုက်ပျိုးရာ တစ်ဧက တင်း ၉၀ ထွက်ရှိသည်။

ပန်းနှမ်း

ဘူးသီးတောင်မြို့နယ်တွင် ၂၀၀၇-၂၀၀၈ခုနှစ်တွင် ပန်းနှမ်း ၉၈ဧက စမ်းသပ်စိုက်ပျိုးရာ ပန်းနှမ်းသည် ဒေသမြေ၊ ရာသီဥတုနှင့် ကိုက်ညီသဖြင့် တစ်ဧက ငါးတင်းထွက်ရှိကာ ပန်းနှမ်း တစ်တင်း ဆီငါးပိဿာ ထွက်ရှိပြီး တစ်ပိဿာ ကျပ် ၃၅၀၀ဖြင့် ရောင်းချရ၍ ဒေသခံလယ်သမားများ ၂၀၀၈-၂၀၀၉ဆောင်းသီးအဖြစ် ဧက၁၅၀၀ စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်နေသည်။ ယခုအခါ ၅၇ဧက စိုက်ပျိုးပြီးဖြစ်သည်။ ပန်းနှမ်းသည် အကြမ်းခံသီးနှံဖြစ်သဖြင့် မြေမရွေး စိုက်ပျိုးနိုင်သဖြင့် စမ်းသပ်စိုက်ပျိုးရာ အောင်မြင်ကြောင်း ဒေသခံတောင်သူများက လက်တွေ့မြင်ရသဖြင့် ယမန်နှစ် ဧကထက် ၁၇ဆ ကျော် စိုက်ပျိုးမည်ဖြစ်ရာ အောင်မြင်ပါက ဝင်ငွေတိုးသည့် အဓိကဆီထွက်သီးနှံ ဖြစ်လာမည်ကား မလွဲချေ။

မြန်မာ့အလင်း သတင်းအဖွဲ့သည် ဘူးသီးတောင်မြို့ ကမ်းနားလမ်းသစ်နှင့် ပြည်သာယာလမ်းထောင့်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ သွားရောက်ခဲ့ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းမင်းထွန်းတို့က မြန်မာ့အလင်းသတင်းအဖွဲ့ သိရှိလိုသမျှ ရှင်းလင်းပြောပြသည်။

"ကျွန်တော်တို့ ဘူးသီးတောင်မြို့ နယ် စည်ပင်သာယာရေးအဖွဲ့ အနေဖြင့် ၂၀၀၈-၂၀၀၉ခု ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေကျပ်သိန်း ၂၀၉၀လျာထားပြီး ကောက်ခံဆောင်ရွက်လျက်ရှိပါတယ်။ ပစ္စည်းခွန်ကောက်ခံမှုမှာ အဆောက်အအုံ ၁၉၅၃လုံးအတွက် ကျပ်သိန်း ၂၇သိန်းကျော် ကောက်ခံပြီးဖြစ်ပါတယ်။

အဖွဲ့ပိုင်မြို့မဈေးကြီးမှာ ဈေးဆိုင်ခန်း ၆၉၈ခန်းကို ဈေးဆိုင်ခန်းများ ငှားရမ်းခ တစ်နှစ်ကို ငွေကျပ် တစ်ရာ့ကိုးသိန်းကျော် ကောက်ခံရရှိပါတယ်။ ဆိုင်ခန်းပေါင်း ၆၉၈ခန်းမှာ တိုင်းရင်းသားများက ၈၃ခန်း ပိုင်ဆိုင်ပါတယ်။ ပုဂ္ဂလိကအိမ်ဆိုင်၊ စားသောက်ဆိုင်၊ အခြားလုပ်ငန်းများမှ လေးဆယ့်ငါးသိန်းကျော် ရရှိပါတယ်။ အနေးယာဉ်ဆိုက်ကား စီးရေ ၄၅၀ ရှိပြီး၊ ဝင်ငွေ ကျပ် ၄၅ သိန်းကိုလည်း စည်းကြပ်ကောက်ခံရရှိပါတယ်။ ထို့အပြင်အခွင့်ရေး လိုင်စင်၊ တည်းခိုခန်းနှင့် အခြားလိုင်စင်များအပါအဝင် ငွေကျပ် ၁၈၆၂ သိန်းကျော် ကောက်ခံရရှိပါတယ်"ဟု အမှုဆောင်အရာရှိ ဦးစောဝေက ရှင်းပြခဲ့သည်။

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပြ၊ ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးနှင့်သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုမှာ မြို့ဝင်သင်္ဘောဆိပ်အနီး၊ နာရီစင်နှင့်မြေယာရှုခင်းဆောင်ရွက်ခြင်း၊ မြို့အထွက် ဧည့်ဝတီလမ်းနှင့် မေယုလမ်းဆုံမြေယာရှုခင်းဆောင်ရွက်ခြင်း၊ ဗိုလ်ချုပ်လမ်း၊ မေယုလမ်း၊ မင်းထီးလမ်းများတွင် လမ်းဘေးကပ်တုံး အရှည်ပေ ၄၅၀၀×အမြင့် ၉လက်မ × ထု ၉လက်မဖြင့်ဆောင်ရွက်ပေးခြင်း၊ မြို့တွင်းဗိုလ်ချုပ်လမ်း၊ မေယုလမ်း၊ ဧည့်ဝတီလမ်းဘေး ဝဲ၊ ယာ တစ်လျှောက် ပန်းအလှပင်၊ အရိပ်ရပင် ၁၈၀၀ အား စိုက်ပျိုးထားခြင်း၊ မြို့ဝင် မြို့ထွက်ဆိုင်းဘုတ်များ၊ နာရီစင်၊ ကပ်တုံးများအားသစ်လွင်အောင်ဆေးသုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

မြို့တွင်းလမ်း

မြို့တွင်းလမ်း ၃၁လမ်းနှင့် မြို့တွင်း တံတား၊ ရေပြွန် ၃၃ စင်းကို တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး မြို့တွင်းလမ်း စုစုပေါင်း အရှည် ၁၁မိုင်အနက် ကတ္တရာလမ်း ၄မိုင် ၃ဖာလုံ၊ ကျောက်ချောလမ်း ၄မိုင် ၂ဖာလုံအား ဘဏ္ဍာရေး နှစ်အလိုက် ခွင့်ပြု ငွေကျပ်သန်းပေါင်း ၉၇ဒသမ ၂၀ဖြင့် ဆောင်ရွက်ထားရှိပြီး ကျန်မြေသားလမ်းသွယ်နှင့် ကျောက်လမ်းများအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့် ဆောင်ရွက်နိုင်ရန် စီမံချက်ရေးဆွဲပြီး နှစ်စဉ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ မြို့တွင်းတံတားရေပြွန်၃၃ စင်း အနက် သံကူကွန်ကရစ်တံတား ၂၁ စင်း၊

ဘူးသီးတောင်မြို့နယ် မေယုတောင်တန်း၌ စိုက်ပျိုးထားသော ပျဉ်းကတိုးပင်များကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

ကွန်ကရစ်ရေပြွန်နှစ်စင်းနှင့် သစ်သားတံတား၁၀စင်းအား နှစ်အလိုက် ဘဏ္ဍာရေးခွင့်ပြုငွေများဖြင့် မူလသစ်သားတံတားအဟောင်းများအား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသည်။

မြို့တွင်းရေပေးရေး

မြို့တွင်းရေပေးရေးလုပ်ငန်းအနေဖြင့် အမှတ် ၅ ရပ်ကွက်ရှိ ကန်တော်ကြီးရေလှောင်ကန် ၁၆ ဧက အကျယ် ရေသိုလှောင်ကာ ဂါလန် ၃၃ သန်းဖြင့် မြို့တွင်း ခြောက်ရပ်ကွက်သို့ နေ့စဉ်ရေဖြန့်ဝေလျက်ရှိရာ အများသုံး အုတ်ရေကန် ၁၄ကန်နှင့် အိမ်သွယ်ရေတိုင် ၁၆၄ အိမ် တို့အား ရေဖြန့်ဝေလျက်ရှိသည်။ မြို့တွင်း အများသုံးမြေသားရေကန် လေးကန်မှလည်း ကိုယ်တိုင်ခပ်ယူစနစ်ဖြင့် အများပြည်သူသုံး ရေကန်များအားအဖွဲ့က ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

ကျေးလက်လမ်း

ကျေးလက်လမ်း ရှစ်လမ်း၊ စုစုပေါင်း မိုင် ၆၁မိုင်၄ ဖာလုံအနက် ကျောက်ချောလမ်း ၂၃ မိုင် ၄ ဖာလုံနှင့် မြေသားလမ်း ၃၈ မိုင်အားအဖွဲ့၏ ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုငွေကျပ်သန်းပေါင်း ၆၂ဒသမ၅၀ဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျေးလက်လမ်းများပေါ်ရှိ တံတား၊ ရေပြွန် စုစုပေါင်း ၂၆စင်းအား ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုငွေကျပ်သန်းပေါင်း ၁၈ဒသမ၂၃ဖြင့် ဆောင်ရွက်ပေးထားပြီးဖြစ်သည်။

ကျေးလက်ရေပေးရေးလုပ်ငန်းအဖြစ် စံပြကျေးရွာများနှင့် ရေရှားပါးသော ကျေးရွာများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မြေသားရေကန် ၂၇ ကန်အား တူးဖော်၍ ခြံစည်းရိုးကာရံခြင်းများကို ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုငွေကျပ်သန်းပေါင်း ၁၂ဒသမ ၁၅ဖြင့်ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

၂၀၀၈-၂၀၀၉ ခုနှစ် ဘဏ္ဍာရေးနှစ် လုပ်ငန်းများမှာ မြို့ပြလမ်းအဖြစ်လမ်း ရှစ်လမ်း ပေ၈၆၄၀တွင် ကတ္တရာခင်းခြင်း၊ ကျောက်ချောလမ်းခင်းခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ရေပေးရေးလုပ်ငန်းအဖြစ် ရေရှားပါးသည့် ကျေးရွာလေးရွာတွင် မြေသားရေကန်လေးကန်နှင့် စံပြကျေးရွာများဖြစ်သော ဂန္ဓမာစံပြကျေးရွာနှင့် အင်ကြင်းမြိုင်စံပြကျေးရွာရှိ သောက်ရေကန် နှစ်ကန်ကို သံဆန်ခါလိပ် ခြံစည်းရိုးများကာခြင်း၊ ကျေးလက်ရေကန်လေးကန်အား ပြုပြင်တူးဖော်၍ ခြံစည်းရိုးများကာရံခြင်းဖြင့် စုစုပေါင်းရေကန် ၁၀ကန်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

နှစ်ရှည်ရော်ဘာပင်

ဘူးသီးတောင်မြို့နယ်တွင် နှစ်ရှည် ရော်ဘာ ၂၁၉၂ဧက၌ ပုဂ္ဂလိကလုပ်ငန်းရှင် ၇၀၄ဦးတို့က စိုက်ပျိုးခဲ့ကြရာ ယခုအခါ ၁၅၄၄ဧကမှာ ဖြစ်ထွန်းအောင်မြင်ကာ ခြံအများစုမှာ အစေးထုတ်လုပ်ကိုင်လျက် ရှိနေကြပြီဖြစ်သည်။

ဘူးသီးတောင်မြို့နယ်တွင် ကျေးရွာပေါင်း ၃၃၉ရွာ ရှိသည့်အနက် ကျေးရွာ ၂၉၀ရွာ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။ ရခိုင်ပြည်နယ် ဘူးသီးတောင်သည် အခြားမြို့များကဲ့သို့ တိုးတက်ဖွံ့ဖြိုးဝေဆာလာသောမြို့အဖြစ် မြင်တွေ့ခဲ့ရပါကြောင်း သတင်းခရီး ကွင်းဆင်းစေ့ငုတင်ပြလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

ဘူးသီးတောင်မြို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်တွင် စိတ်ဝင်စားစွာ ဖတ်ရှုလေ့လာနေသော ဒေသခံပြည်သူများအား တွေ့ရစဉ်။ (မြန်မာ့အလင်း)

* ရှေ့ဖုံးမှ

ဆီအုန်းစိုက်ဧကများ တစ်နှစ်ထက်တစ်နှစ် အပြိုင်အဆိုင်တိုးချဲ့စိုက်ပျိုးလာခဲ့ကြသည်။

စက်ရုံများ

ဆီအုန်းစိုက်ပျိုးသည့် ကုမ္ပဏီများက ဆီအုန်းများ အပြိုင်အဆိုင်တိုးချဲ့စိုက်ပျိုးလာရုံသာမက ထွက်ရှိလာသည့် ဆီအုန်းသီးခိုင်များမှ ဆီထုတ်လုပ်သွားရန် ဆီထုတ်လုပ်ရေးစက်ရုံကြီးများ တည်ဆောက်နေကြပြီ ဖြစ်သည်။

ဆီအုန်းစိုက်ပျိုးခြင်း၏ အကျိုးကား များပြားလှပေသည်။ ထွက်ရှိလာသည့် ဆီအုန်းသီးမှ စားအုန်းဆီ၊ အလှဆီ၊ ဓာတ်မြေဩဇာ၊ လောင်စာနှင့် တိရစ္ဆာန်အစာ ထုတ်လုပ်လျက်ရှိသည်ကို တွေ့မြင်ခဲ့ရသဖြင့် ဆီအုန်းတစ်ပင်လုံး အသုံးဝင်သည်ဟု ဆိုချင်ပါသည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် တနင်္သာရီတိုင်း၏ ဒေသ ဖွံ့ဖြိုးရေး သတင်းဆောင်းပါးများ ရေးသားတင်ပြနိုင်ရန် မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်းရှိ ကော့သောင်းမြို့သို့ ရောက်ရှိနေစဉ်အတွင်း ဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီများသို့ သွားရောက်လေ့လာခဲ့ကြသည်။

ရှေးဦးစွာ လေ့လာခွင့်ရသည့် ကုမ္ပဏီမှာ ရွှေဆီအုန်းကုမ္ပဏီ ဖြစ်သည်။ ယင်းကုမ္ပဏီသည်ကော့သောင်းမြို့မှ ၁၈မိုင်အကွာတွင် တည်ရှိသည်။ ရွှေဆီအုန်းကုမ္ပဏီမှ မန်နေဂျာ ဦးနုနှင့် တွေ့ဆုံဖြစ်သည်။

"ဒီကော့သောင်းဒေသမှာဆီအုန်းစိုက်ပျိုးရေးသာမက ဆီအုန်း ထုတ်လုပ်နိုင်ဖို့အတွက်လည်း စက်ရုံတည်ဆောက်ပြီး လည်ပတ်နိုင်ပါပြီ။ ကျွန်တော်တို့ အခုတည်ထောင်ထားတဲ့ စက်ရုံကြီးက တစ်နာရီမှာ ဆီအုန်းသီး ငါးတန်ကျ ကြိတ်ခွဲထုတ်လုပ်နိုင်ပါတယ်။ ဒါ့အပြင် ဆီအုန်းစိုက်ပျိုးမှုကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့လုပ်ကိုင်နေပါတယ်။ ၂၀၀၇-၂၀၀၈ခုနှစ်အထိ ကျွန်တော်တို့ ရွှေဆီအုန်းကုမ္ပဏီအနေနဲ့ ဒီကော့သောင်းခရိုင်အတွင်းမှာ ဆီအုန်းစိုက်ဧက၇၂၀ကျော် စိုက်ပျိုးပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ ၂၀၀၅-၂၀၀၆ခုနှစ်အတွင်းမှာ စစိုက်ဧကများ ဖြစ်ပါတယ်။ ဆီအုန်းပင်စတင်စိုက်ပျိုးတဲ့နှစ်မှစပြီး အပင်စိုက်သက်တမ်း ငါးနှစ်ခန့်မှာ ဆီအုန်းသီးခိုင်များ လှိုင်လှိုင်ထွက်ရှိလာပါတယ်။ အများဆုံးထွက်ရှိတဲ့ အချိန်ကတော့ မိုးတွင်းကာလဖြစ်ပါတယ်။ မိုးများများရွာသွန်းလေ ဆီအုန်းသီးခိုင်များ ပို၍မှည့်လေပါပဲ"ဟု ဦးအုန်းဘန်က မြန်မာ့အလင်းသို့ ပြောကြားသည်။

ရွှေဆီအုန်းကုမ္ပဏီ၏ ခေတ်မီ ဆီကြိတ်ခွဲစက်များကို ဤသို့ တွေ့ရသည်။

(မြန်မာ့အလင်း)

တာဆိုတော့ ဆီအုန်းသီးတွေ မထွက်သေးပါဘူး၊ အခြားကုမ္ပဏီတွေဆီက ဆီအုန်းသီးတွေ ဝယ်ယူကြိတ်ခွဲထုတ်လုပ်နေပါတယ်။ မဝေးတော့တဲ့အနာဂတ်မှာ ကိုယ့်ဆီအုန်းနဲ့ကိုယ် ကြိတ်ခွဲထုတ်လုပ်သွားနိုင်ဖို့ ဆီအုန်းစိုက်ဧကများ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးသွားဖို့ စီစဉ်ဆောင်ရွက်နေပါတယ်"ဟု ရွှေဆီအုန်းကုမ္ပဏီ မန်နေဂျာ ဦးနုက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ယုဇနဆီအုန်းခြံ

ထိုမှတစ်ဆင့် သတင်းအဖွဲ့သည် ဆက်လက်ထွက်ခွာလာခဲ့ရာ ကော့သောင်း-ဘုတ်ပြင်း ကားလမ်းဘေးရှိ ယုဇနဆီအုန်းစိုက်ပျိုးရေး ကုမ္ပဏီရုံးသို့ ရောက်ရှိသည်။ ယင်းဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီမှ စီမံကိန်း မန်နေဂျာ ဦးအုန်းဘန်နှင့် တွေ့ဆုံ မေးမြန်းခဲ့သည်။

"ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ ဒီကော့သောင်းခရိုင်အတွင်းမှာ ယုဇန၊ အဏ္ဏဝါထွန်းနှင့် ရွှေမြေရတနာဆိုတဲ့ ကုမ္ပဏီသုံးခုထားရှိပြီး ဆီအုန်းစိုက်ပျိုးရေးကို ၁၉၉၉ခုနှစ် မတ်လက စပြီး လုပ်ကိုင်ခဲ့ပါတယ်။ ဒီကုမ္ပဏီသုံးခုက ကော့သောင်း၊ ခမောက်ကြီး၊ ကရသူရိ၊ ဘုတ်ပြင်းနဲ့ ပြည်ကြီးမဏ္ဍိုင်မြို့နယ်များမှာ စိုက်ပျိုးလုပ်ကိုင်လျက် ရှိပါတယ်။ စုစုပေါင်း ဆီအုန်းစိုက်ဧက ၁၁၇၈၆ဧကစိုက်ပျိုးပြီးဖြစ်ပါတယ်။ ဒီစိုက်ပျိုးတဲ့အထဲက ဧကတစ်သောင်းခွဲမှာ ဆီအုန်းသီးခိုင်တွေ နေ့စဉ်ခူးနေရပါပြီ။ လက်ရှိထွက်နေတဲ့ ဆီအုန်းသီးခိုင်တွေဟာ လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့တဲ့ ၁၉၉၉-၂၀၀၀ခုနှစ်က စိုက်

"ဒီစက်ရုံကြီးက ၁နာရီလျှင် ဆီအုန်းသီး ငါးတန်ကျကြိတ်ခွဲနိုင်ပါတယ်"

ဦးအုန်းဘန်
ယုဇနဆီအုန်း စီမံကိန်းမန်နေဂျာ

တို့ ဆီအုန်း ကြိတ်ခွဲစက်ရုံအနေနဲ့ နိုင်ငံပိုင် မြန်မာ့နှစ်ရှည်ပင် ဆီအုန်းခြံမှထွက်ရှိတဲ့ ဆီအုန်းသီးခိုင်များ၊ ဒဂုန်တင်းဘားကုမ္ပဏီနှင့် ပိုကောင်းကုမ္ပဏီများမှထွက်ရှိတဲ့ ဆီအုန်းသီးခိုင်များကိုပါ ဝယ်ယူကြိတ်ခွဲလျက်ရှိပါတယ်။ ထွက်ရှိလာတဲ့ ဆီအုန်းကြမ်းများကို ရန်ကုန်မှာရှိတဲ့ ဆီအုန်းအချော ထုတ်လုပ်ရေးစက်ရုံသို့ တင်ပို့ရပါတယ်။ ယခုဆိုရင် ယုဇနကုမ္ပဏီမှ ထွက်ရှိတဲ့ စားအုန်းဆီတွေဟာ ပြည်တွင်းဈေးကွက်များမှာ ဖြန့်ဖြူးရောင်းချပေးနေပါပြီ၊ ဆီအုန်းထွက်ရှိမှုမှာ တစ်နှစ်ထက်တစ်နှစ် ပိုလာတာနဲ့အမျှ ဈေးကွက်များသို့ များများ တင်ပို့ရောင်းချပေးသွားနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သတင်းအဖွဲ့သည် ယုဇနဆီအုန်းစက်ရုံကြီးအတွင်း လှည့်လည်ကြည့်ရှုခဲ့ပါသေးသည်။ စက်ရုံကြီးမှာ ခေတ်မီလှသည်။ လူနည်းနည်းဖြင့် စက်ခလုတ် ထိန်းချုပ်မှုများဖြင့် လည်ပတ်လျက်ရှိသည်။ ယင်းစက်ရုံကြီးမှ ဆီအုန်းသီးအပြင် သီးခွံမှ ဆီအုန်းကြမ်းကိုလည်း ထုတ်လုပ်သည်။ ဆီသီးခိုင်အညှာများကို ဇီဝလောင်စာအဖြစ် အသုံးပြုသဖြင့် ဒီဇယ်ကုန်ကျမှု သက်သာစေသည်။ ဆီအုန်းသီး ကြိတ်ဖတ်များကို ပိုတက်ဓာတ်မြေဩဇာအဖြစ် ထုတ်လုပ်နေသည်ကိုလည်း တွေ့ရသည်။ ဆီအုန်းသီးအစေ့များကို ကြိတ်ခွဲပြီး ဆီညှစ်ယူသည့် နေရာကိုလည်း တွေ့မြင်ခဲ့ရသည်။ ယင်းဆီအုန်းစေ့မှ ထွက်ရှိသည့်ဆီကို အလှဆီအဖြစ် အသုံးပြုနိုင်ကြောင်း သိရသည်။ ဆီအုန်းစေ့ကို ကြိတ်ခွဲ၍ ဆီညှစ်ထုတ်လိုက်ရာမှာ ထွက်ရှိသည့် အဆန်များကို တိရစ္ဆာန်အစားအစာအဖြစ် အသုံးပြုသည်ဟု ဆိုသည်။

တစ်ပင်လုံးအသုံးဝင်

ဆီအုန်းပင်များသည် သက်တမ်း ၁၅နှစ်မှစပြီး အထွက်နှုန်းကျဆင်းသွားလေ့ရှိသည်။ သက်တမ်း နှစ်၃၀ရှိ ဆီအုန်းပင်များကို လှဲပြီး ပင်စည်များကို ပရိဘောဂများအဖြစ် ပြုလုပ်နိုင်ကြောင်း သိရသည်။ ထို့ကြောင့် ဆီအုန်းပင်မှ ထွက်ရှိသော ဆီအုန်းသီး၊ ဆီအုန်းပင်စည်အားလုံး အသုံးချနိုင်သဖြင့် ဆီအုန်းပင် တစ်ပင်လုံး အသုံးဝင်ကြောင်း လေ့လာသိရှိခဲ့ရသည်။

ယင်းစက်ရုံ၏ ရှေ့တွင် အစေ့မှ ထွက်ရှိသည့် အလှဆီ တန်၅၀၀ဆံ့ ဆီလှောင်ကန်တစ်လုံးနှင့် စားအုန်းဆီကြမ်းသိုလှောင်နိုင်သည့် တန်၂၀၀၀ဆံ့ ဆီသိုလှောင်ကန်နှစ်လုံးကိုတွေ့ရသည်။

ဒဂုန်တင်းဘားကုမ္ပဏီ၏ ဆီအုန်းစိုက်ခင်းကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

အောင်မြင်ဖြစ်ထွန်းနေသော ဒဂုန်တင်းဘားကုမ္ပဏီ၏ ဆီအုန်းများ။ (မြန်မာ့အလင်း)

ထုတ်လုပ်နိုင်

အဆိုပါ ယုဇန ဆီအုန်းဆီကြမ်း ထုတ်လုပ်ရေးစက်ရုံမှ ၂၀၀၅ခုနှစ် ဧပြီလမှ ၂၀၀၈ခုနှစ် အောက်တိုဘာလအထိ Crude Palm Oil (CPO) ဆီ ၅၅၈၃၉တန်နှင့် Palm Kernel Oil (PKO) ဆီ ၅၂၈၄တန် ထုတ်လုပ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

စဉ်ဆက်မပြတ်

ယုဇနကုမ္ပဏီအနေဖြင့် ကော့သောင်းခရိုင်အတွင်း ယုဇန၊ အဏ္ဏဝါထွန်းနှင့် ရွှေမြေရတနာကုမ္ပဏီများ ထူထောင်ပြီး ဆီအုန်းများ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ကုမ္ပဏီဝန်ထမ်း ၆၁၃၅ဦးနှင့် လုပ်သား ၂၀၀၃ဦးတို့က လုပ်ငန်းများ စဉ်ဆက်မပြတ် လုပ်ကိုင်လျက်ရှိသည်။

သတင်းအဖွဲ့သည်ယင်းမှဆက်လက်ထွက်ခွာလာရာ ကော့သောင်းမှ၅၂မိုင်ဝေးသည့် ဒဂုန်တင်းဘားလီမိတက်၏ ဒဂုန်ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိသည်။ ဒဂုန်ဆီအုန်း စိုက်ပျိုးရေး စီမံကိန်း မန်နေဂျာ ဦးဝင်းမြင့်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ဒဂုန်တင်းဘား

"ကျွန်တော်တို့ ဒဂုန်တင်းဘားလီမိတက်အနေနဲ့ ကော့သောင်း-ဘုတ်ပြင်း ကားလမ်းဘေး မိုင်၅၀မှ ၅၉မိုင်အတွင်း ဆီအုန်းစိုက်ပျိုးရေးကို ၁၉၉၉ခုနှစ်မှ စပြီး လုပ်ကိုင်နေပါတယ်။ စိုက်ပျိုးပြီးဧက ၁၁၃၇၈ဧက ရှိပါတယ်။ ဆီသီးတန်ချိန် တစ်ရက် ၁၅တန်မှ တန်၂၀ အထိ ထွက်ရှိနေပါတယ်။ မိုးတွင်းတုန်းက တစ်ရက် တန်၃၀လောက်ထွက်ပါတယ်။ ထွက်ရှိလာတဲ့ ဆီအုန်းသီးများကို ယုဇနကုမ္ပဏီကို ရောင်းပါတယ်။ ဒီနှစ်ထဲမှာ ဧက ၁၀၀၀ ထပ်မံစိုက်ပျိုးဖို့ လျာထားပါတယ်။ ကျွန်တော်တို့ ဒဂုန်တင်းဘားကုမ္ပဏီအနေဖြင့် ဒီဒေသမှာ ဆီအုန်းစိုက်ဧက၂၀၀၀၀ ပြည့်အောင် စိုက်ပျိုးသွားဖို့ လျာထားပါတယ်"ဟု ဦးဝင်းမြင့်က မြန်မာ့အလင်းသို့ ပြောကြားသည်။

"ကျွန်တော်တို့ ဒဂုန်တင်းဘားကုမ္ပဏီအနေနဲ့ ဆီအုန်းမျိုးစေ့များကို ကော့စတာရီကာမှ ဝယ်ယူတင်သွင်းစိုက်ပျိုးခဲ့ပါတယ်။ CHANA, EKONA, LAME မျိုးများဟာ အထွက်နှုန်းကောင်း ဆီအုန်းမျိုးများဖြစ်ပါတယ်"ဟု ၎င်းက ပြောကြားသည်။

မန်နေဂျာ ဦးဝင်းမြင့်က ဆက်၍ "ကျွန်တော်တို့ ဒဂုန်တင်းဘားကုမ္ပဏီအနေနဲ့ ကော့သောင်း-ဘုတ်ပြင်း ကားလမ်းနံဘေး ၅၂မိုင်စခန်းမှာ တစ်နာရီတန်၅၀ကျ ဆီကြမ်းစက်ရုံ တည်ဖို့ စီစဉ်လျက် ရှိပါတယ်။ ၂၀၀၉-၂၀၁၀ခုနှစ်မှာ အပြီးဆောင်ရွက်သွားနိုင်မယ်လို့ မျှော်လင့်ရပါတယ်"ဟု ရှင်းပြသည်။

ဆီအိုးကြီး

တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်ရမည် ဟူသော ဆောင်ပုဒ်နှင့်အညီ ကော့သောင်းခရိုင်အတွင်း ဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီ ၁၇ခုက မြေဧက ၇၆၁၃၁၁၁၅၈ဧက ရယူထားခဲ့ရာ ယခုအခါဆီအုန်းစိုက်ပျိုးပြီး ဧက ၁၈၅၀၂၅ဧက စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ ကော့သောင်းခရိုင်အနေဖြင့် နိုင်ငံတော်က မျှော်မှန်းထားသည့် တနင်္သာရီတိုင်းအတွင်း ဆီအုန်းစိုက်ဧက ငါးသိန်းပြည့်မီအောင် တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာနိုင်ခြင်းနှင့်အတူ ဆီအုန်းထုတ်လုပ်မှု တိုးတက်ကာ ပြည်တွင်းစားသုံးဆီ ဖူလုံပြည့်ဝရေးအတွက် များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ကွင်းဆင်း လေ့လာတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဆီကြိတ်စက်သို့ပို့ရန် ခူးခြွေထားသော ဆီအုန်းသီးများကို တွဲယဉ်လေးများပေါ်သို့ ဤသို့ သယ်တင်ပေးရသည်။ (မြန်မာ့အလင်း)

အနာဂတ်နိုင်ငံအတွက် မရှိမဖြစ် အရင်းအမြစ်များ

Globalization ကိုအခြေခံ၍ အင်အားကြီးနိုင်ငံအချို့သည် ဖွံ့ဖြိုးဆဲနိုင်ငံငယ်များကို လွှမ်းမိုးရန်အတွက် ညင်သာသိမ်မွေ့သော နည်းလမ်းများကို အသုံးပြုလာကြသည်။ မီဒီယာများမှတစ်ဆင့် ယဉ်ကျေးမှုကို ဝါးမျိုရန်နှင့် အယူဝါဒမှိုင်းတိုက်ရန် ကြိုးပမ်းလာကြပြီး ခေတ်သစ်ကိုလိုနီဘဝရောက်အောင် တွန်းပို့ဆွဲဆောင်လာကြသည်။ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ စာပေ၊ အနုပညာနယ်ပယ်အားလုံးတွင် လွှမ်းမိုးနိုင်ရန် ကြိုးပမ်းလာကြသည်။ စိတ်ဓာတ်ရေးရာအရ နာလန်မထူနိုင်အောင် ဝါးမျိုပစ်ရန် အကွက်ဆင်လာကြသည်။

ပြည်သူများအား မိမိတို့တိုးတက်ထွန်းကားရန် တစ်ခုတည်းအာရုံစိုက်မနေဘဲ ဆုတ်ယုတ်ပျက်စီးစေမည့် အန္တရာယ်များကိုပါ အသိပေးနိုင်မည့် မီဒီယာများ၏ အခန်းကဏ္ဍသည် ရှေ့သို့ရောက်လာခဲ့ပြီဖြစ်သည်။ ပြန်ကြားရေးဆိုင်ရာလုပ်ငန်းများသည် ပုံနှိပ်စာလုံး၊ အရုပ်၊ အသံနှင့် အရောင်တို့ကို အသုံးပြု၍ ခေတ်မီလူထုဆက်သွယ်ရေးနည်းလမ်းများဖြင့် ပြည်သူလူထုအား ဆက်သွယ်တင်ပြရသော လုပ်ငန်းဖြစ်ပါသည်။ အမျိုးသားရေးရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရန် ခေတ်မီလူထုဆက်သွယ်ရေးနည်းလမ်းများကို အသုံးပြု၍ ထိရောက်အောင် ကြိုးပမ်းလျက်ရှိပြီး နိုင်ငံတော်၏ စတုတ္ထမဏ္ဍိုင်အဖြစ် ပါဝင်ဆောင်ရွက်နေသော လုပ်ငန်းဖြစ်ပါသည်။ ပြန်ကြားရေးလုပ်ငန်းသည် ပြည်သူလူထု၏အတွေးအခေါ် သဘောထားရှုမြင်ပုံ၊ အယူအဆတို့အပေါ် ဩဇာသက်ရောက်နိုင်သည်နှင့်အမျှ လူထုဆက်သွယ်ရေးလုပ်ငန်းများ၏ အခန်းကဏ္ဍမှာ အထူးအရေးကြီးပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနကို ဌာနကြီးငါးခုဖြင့်ဖွဲ့စည်းထားရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာနမှ ပြန်ကြားရေးဌာနခွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအဖြစ် နိုင်ငံတော်၏လိုအပ်ချက်အရ အများပြည်သူအကျိုးအတွက် ၁၉၉၁ခုနှစ် ဇန်နဝါရီလ ၂၄ရက်နေ့တွင် တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။

ပြည်သူ့ဆက်ဆံရေးဆိုသည်မှာ အဖွဲ့အစည်းနှင့်ပြည်သူလူထုအကြား နှစ်ဦးနှစ်ဖက် နားလည်မှုဖြစ်ထွန်းရန် အစီအစဉ်ရှိရှိဖြင့် စီမံဆောင်ရွက်ထိန်းကျောင်းပေးသည့် လုပ်ငန်းဖြစ်သည်။ ကမ္ဘာ့ပြည်သူ့ဆက်ဆံရေးအဖွဲ့၏ အတည်ပြုထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ပြည်သူ့ဆက်ဆံရေးဆိုသည်မှာ လူမှုရေးသိပ္ပံပညာတစ်ရပ် ဖြစ်သည်။ ယင်းသည် အဖွဲ့အစည်းတစ်ခုခု(သို့) ပြည်သူတို့၏ အကျိုးစီးပွားနှင့်စပ်လျဉ်းသော ကိစ္စတို့ကို ဆောင်ရွက်ရန်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် ပြည်သူ့ဆန္ဒသဘောထားအခြေအနေ အလားအလာများကို ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း၊ အကျိုးဆက်များကို ကြိုတင်ခန့်မှန်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ ဦးဆောင်ဦးရွက်ပြုသူများအား အကြံပေးခြင်းနှင့် ကြိုတင်စီမံချက်ချထားသော အစီအစဉ်များကို လက်တွေ့အကောင်အထည်ဖော်ခြင်းပင် ဖြစ်သည်။

ထိုသို့ပြုလုပ်ဆောင်ရွက်နိုင်ရန် အမျိုးသားအကျိုးစီးပွား ဘက်တော်သား အရည်အသွေး မြင့်မားသည့် မီဒီယာသမားကောင်းများဖြစ်လာရေး၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် စာကြည့်တိုက်ပညာ တတ်ကျွမ်းနားလည်သည့် စာကြည့်တိုက်မှူးကောင်းများ၊ ပြန်ကြားရေးဆိုင်ရာလုပ်ငန်းများကို ကျွမ်းကျင်သည့် ပြန်ကြားရေးမှူးကောင်းများ ဖြစ်လာရေးတို့သည် မဖြစ်မနေကြိုးစားရမည့် အချက်များ ဖြစ်ပါသည်။

ယနေ့ ကမ္ဘာပေါ်တွင် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ သတင်းအချက်အလက်များ ပေါက်ကွဲမှုလည်း ပိုမိုမြန်ဆန်ပျံ့နှံ့လာပါသည်။ ထိုအခြေအနေတွင် ကမ္ဘာပေါ်ရှိ အင်တာနက်ဝက်ဘ်ဆိုက် (Internet Website)များကို အသုံးပြု၍ သတင်းအချက်အလက် ရှာဖွေရယူမှုများ ပိုမိုများပြားလာပြီ ဖြစ်သည်။ New Media ဟုခေါ်သော အင်တာနက်အသုံးပြုသူအများစုမှာ လူငယ်များပင်ဖြစ်သည်။

ယနေ့ခေတ်တွင် မီဒီယာ၏အင်အားမှာ ယခင်ကာလများထက် ပိုမို၍ ဩဇာကြီးမားသည့် အနေအထားသို့ ရောက်လာချိန်တွင် အမုန်ဖြစ်စေ၊ အမှားဖြစ်စေ ပြည်သူများအကြားသို့ စက္ကန့်ပိုင်းအတွင်းရောက်အောင် Media များက စွမ်းဆောင်နိုင်ပြီ ဖြစ်သည်။ ထို့အပြင် အမှန်ကိုအမှား၊ အမှားကိုအမှန်ဖြစ်အောင်လည်း လုပ်ဆောင်နိုင်ပေသည်။ တိုင်းပြည်နှင့် လူမျိုးအပေါ် အထင်အမြင်လွဲမှားအောင်လည်း ထိုးနှက်နိုင်ပေသည်။ တိုင်းပြည်အပေါ် ချစ်ခင်စိတ်ပျောက်အောင်၊ ယဉ်ကျေးမှု ပပျောက်အောင်လည်း လွှမ်းမိုးနိုင်ပေသည်။ အမျိုးသားစရိုက်လက္ခဏာများ ပျောက်ဆုံးခြင်းသည် ခေတ်သစ်ကိုလိုနီဘဝသို့ ရောက်ရှိခြင်းပင် ဖြစ်သည်။ ထိုသို့သော တားဆီး၍မရနိုင်သည့် အခြေအနေများတွင် နိုင်ငံနှင့်လူမျိုးအတွက် ဆိုးကျိုးမဖြစ်ရအောင် လုပ်ဆောင်ရမည့် မီဒီယာသမားများ၏ အခန်းကဏ္ဍသည် အရေးပါလှပါသည်။

ထိုအခြေအနေတွင် ဆန့်ကျင်ဘက်မီဒီယာများ၏ ထိုးနှက်မှုကို ပြန်လည်ချေပတိုက်ဖျက်နိုင်ရုံသာမက ပြန်လည်ထိုးစစ်ဆင် တိုက်ခိုက်နိုင်ရန်လည်း လိုအပ်လာပါသည်။ ပြည်သူများ၏ကြားထဲတွင် မီဒီယာများနှင့်ပတ်သက်၍ ပြည်သူများ၏ယုံကြည်မှုအား ထက်သန်ခိုင်မာအောင် တည်ဆောက်နိုင်ရမည် ဖြစ်သည်။ ထိုသို့ ပြည်သူအားကိုးနိုင်သည့် မီဒီယာသမားကောင်း ဖြစ်နိုင်စေရန် နိုင်ငံ၏ရှေ့အလားအလာများ၊ တိုက်ခိုက်လာနိုင်သည့် အလားအလာများကို ပြည်သူကိုကြိုတင်၍ သတင်းပေးခြင်းမျိုး လုပ်နိုင်ရမည်ဖြစ်သည်။ ကြိုတင်သတင်းပေး၊ သတိပေးထားခြင်းဖြင့် ပြည်သူများ၏ ယုံကြည်မှုကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ကြယ်စင်နိုင်

ထို့ကြောင့် ပြောင်းလဲလာသည့်စနစ်နှင့်အညီ အရည်အသွေးပြည့်ဝသည့် အမျိုးသားအကျိုးစီးပွားဘက်တော်သား မီဒီယာသမားကောင်းများဖြစ်ရန် အထူးလိုအပ်လှပါသည်။ အမျိုးသားအကျိုးစီးပွားဆိုသည်မှာ တိုင်းပြည်နှင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ အကျိုးပင်ဖြစ်သည်။ စီးပွားရေး၊နိုင်ငံရေး၊ လူမှုရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အမျိုးသားအကျိုးစီးပွားများ ရှိပါသည်။ နိုင်ငံတော်နှင့် လူမျိုးတို့၏ အချုပ်အခြာအာဏာ အစွန့်ရှည်တည်တံ့ရေးသည်လည်း အမျိုးသားအကျိုးစီးပွားပင် ဖြစ်ပါသည်။ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်နေသည့်သူ၊ အမျိုးသားအကျိုးစီးပွားကို ကာကွယ်မြှင့်တင်နေသည့်သူ၊ အမျိုးသားအကျိုးစီးပွားကို ထိပါးလာမည့်အန္တရာယ်များကို တားဆီးဖယ်ရှားနေသည့်သူများသည် အမျိုးသားအကျိုးစီးပွား ဘက်တော်သားများပင် ဖြစ်ပါသည်။

ယခုအခါ နိုင်ငံတော်၏မီဒီယာသမားများအနေဖြင့် ပြည်သူကြားတွင် မှန်မှန်ကန်ကန်ရပ်တည်၍ ပြည်သူ့အကျိုးကို ဖော်ဆောင်ရန် လိုအပ်လာပြီဖြစ်သည်။ ပြည်သူများအနေဖြင့် အဘက်ဘက်မှ တိုက်ခိုက်လာမည့် မီဒီယာများ၏ ရိုက်ခတ်မှုအပေါ်တွင် ရရှိလာမည့်အချက်အလက်များအား မှန်မှန်ကန်ကန် ရွေးချယ်သုံးသပ် လက်ခံနိုင်စေရန် ကူညီရမည်ဖြစ်သည်။

ထိုအခြေအနေတွင် မီဒီယာသမားကောင်းများအနေဖြင့် လူမျိုးရေးအမြင်များ၊ အစွန်းရောက်မှုများကို ရှေ့တန်းမတင်ဘဲ ပြည်သူများ လမ်းမမှားအောင်၊ ရွေးချယ်မှု မမှားအောင်၊ မျှတစွာရှုမြင်၍ ကောင်းမွန်သော လမ်းညွှန်ချက်များဖြင့် လုပ်ဆောင်ပေးသွားရမည် ဖြစ်သည်။ ဝါဒရေးရာကို ရှေ့တန်းမတင်ဘဲ အမျိုးသားအကျိုးစီးပွားဘက်မှ ရပ်တည်ရေးကို ယေဘုယျအခြေခံကာ ကျင့်သုံးဆောင်ရွက်ရမည် ဖြစ်သည်။ ထိုသို့ ကျင့်သုံးဆောင်ရွက်မည့် မီဒီယာသမားများအနေဖြင့်လည်း စိတ်ပိုင်းဆိုင်ရာ အရည်အသွေးနှင့် ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးများပြည့်မီရန် လိုအပ်လှပါသည်။ စိတ်ဓာတ်အရည်အသွေးတွင် တိုင်းပြည်ချစ်စိတ်သည် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်ပါသည်။ ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ ပြန်ကြားရေးဝန်ကြီးဌာန၏ အခြေခံမူ (၁၄)ချက်၊ ရည်မှန်းချက် (၁၁)ရပ်တို့တွင် လက်တွေ့လိုက်နာကျင့်သုံးရမည် ဖြစ်သည်။ စိတ်ဓာတ်အရည်အသွေးနှင့်ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေး နှစ်မျိုးလုံးပြည့်ဝမှသာ နိုင်ငံတော်က အားထားရမည့် နိုင်ငံ့အကျိုးကိုဆောင်ရွက်နိုင်သော အရည်အသွေးပြည့်ဝသည့် အမျိုးသားအကျိုးစီးပွားဘက်တော်သား မီဒီယာသမားကောင်းများ ဖြစ်လာနိုင်မည် ဖြစ်သည်။

ယနေ့အချိန်တွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတိုးတက်ရေးအတွက် အရေးပါသော အချက်တစ်ချက်ဖြစ်လာရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် နိုင်ငံရှိ ၇၀ရာခိုင်နှုန်းသော ကျေးလက်ပြည်သူများ အသိအမြင်တိုးပွားစေရန်အတွက် ဒေသအသီးသီးတွင် ပြည်နယ်၊ တိုင်းရုံး ၁၇ရုံး၊ ခရိုင်ရုံး ၆၅ရုံး၊ မြို့နယ်ရုံး ၂၆၀ နှင့် မြို့ ၆၄ရုံးတို့ကို ဖွင့်လှစ်၍ စာကြည့်တိုက်များ ဖွင့်လှစ်ခြင်း၊ နံရံကပ် စာစောင်များပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်း၊ နယ်လှည့် စာကြည့်တိုက်များဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်နေပါသည်။ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၅၇၅၅တိုက် ဖွင့်လှစ်ထားပြီး ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိအောင် စည်းရုံး ဆောင်ရွက်ခြင်း၊ ရရှိပြီးစာအုပ်စာစောင်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်း၊ စာအုပ်စာစောင်များ တိုးပွားရရှိလာအောင် ငွေပဒေသာပင်စိုက်ထူ ဆောင်ရွက်ခြင်း၊ စာကြည့်တိုက် အဆောက်အအုံ မရှိသေးသည့် ကျေးရွာများ၌ အဆောက်အအုံဖြစ်လာစေရန် ဆောင်ရွက်ခြင်း၊ စာကြည့်တိုက်များတွင် ပရိဘောဂများ စုံလင်စွာရရှိလာနိုင်စေရန် ဆောင်ရွက်ခြင်း၊ စာကြည့်တိုက် ထိန်းသိမ်းရာတွင် ကျွမ်းကျင်သော စာကြည့်တိုက်မှူးများရရှိစေရန် လေ့ကျင့် ပျိုးထောင်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ထိုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ဒေသဆိုင်ရာ အာဏာပိုင်များ၏အား၊ ဒေသခံပြည်သူများ၏အား၊ စေတနာရှင်ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ အသီးသီးတို့၏အားနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏အားတို့ကို ရယူဆောင်ရွက်နေပါသည်။

မီဒီယာအသီးသီး၏ လွှမ်းမိုးမှုကိုခံနိုင်ရန်အတွက် ပြည်သူများတွင် အသိပညာ၊ ကိုယ်ခံအားကောင်းရန် လိုအပ်ပါသည်။ ပါတီစုံဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန် ကျင့်သုံးနိုင်ရန်နှင့် အနှစ်သာရရှိစေရန် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ ထိုးနှက်တိုက်ခိုက်မှုတို့ကို မှန်မှန်ကန်ကန် သုံးသပ်နိုင်ရန်နှင့် ကမ္ဘာ့အခြေအနေအရပ်ရပ်ကို မျက်ခြည်မပြတ် သိရှိနိုင်ရန်အတွက် ပြည်သူများတွင် အသိပညာဗဟုသုတပြည့်ဝရန် အရေးကြီးပါသည်။ ပြည်သူများ၏ ကိုယ်ခံအားကောင်းရန်ဆိုပါက စာကြည့်တိုက်များသည် အခြေခံပင်ဖြစ်သည်။ စာကြည့်တိုက်တစ်ခုရှိနေရုံဖြင့် မလုံလောက်ဘဲ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန်၊ ပြည်သူများစာဖတ်လိုစိတ်ဖြစ်ပေါ်လာအောင် နှိုးဆော်ရန်အတွက် စာကြည့်တိုက်မှူးသည်လည်း အရေးကြီးလှပါသည်။ စာကြည့်တိုက်မှူးကောင်းတစ်ယောက်ဖြစ်ရန်အတွက် အခြေခံသင်တန်းများကို ဖွင့်လှစ်ပေးပြီး တကယ်သိ၊ တကယ်တတ်၊ တကယ်ကျွမ်းသည့်အတိုင်း လုပ်ကိုင်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

၂၁ရာစုတွင် နိုင်ငံတကာမီဒီယာလောကမှာ အရှိန်အဟုန်ဖြင့် ပြောင်းလဲနေမည်ဖြစ်ရာ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်မှ မီဒီယာလောကတွင် ပုဂ္ဂလိကအခန်းကဏ္ဍကို ပိုမိုခွင့်ပြုလျက်ရှိပါသည်။ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများတွင် နိုင်ငံပိုင်မီဒီယာများသာမက ပုဂ္ဂလိကမီဒီယာများကိုပါ ထိရောက်စွာ အသုံးချနိုင်ရန် လိုအပ်မည်ဖြစ်ပါသည်။

ပြည်သူများ အသိပညာဖွံ့ဖြိုးရေး၊ တစ်နိုင်ငံလုံး နယ်စပ်ဒေသပါမကျန် Media Cover ဖြစ်ရေးတို့ကို ဆောင်ရွက်ရန် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ အနာဂတ်တာဝန်ဖြစ်သည့် အရည်အသွေးပြည့်ဝသော အမျိုးသားအကျိုးစီးပွားဘက်တော်သား မီဒီယာသမားကောင်းများ၊ ပြန်ကြားရေးမှူးကောင်းများဖြစ်လာပြီး နိုင်ငံ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းဖြင့် နိုင်ငံ့အကျိုးကို သယ်ပိုးဆောင်ရွက်ရန် ကြိုးစားသွားရမည် ဖြစ်ပါသည်။ မည်မျှလေးသည့်အရာပင် ဖြစ်ပါစေ ပြိုင်တူတွန်းလျှောင်ရွှေ့နိုင်သည် မဟုတ်ပါလား။ ။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ သင်တန်းသား၊ သင်တန်းသူများ ပြင်ဦးလွင်၌ လေ့လာ

ရန်ကုန် ဇန်နဝါရီ ၂၂

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ)(၄)နှစ် သင်တန်းအမှတ်စဉ်(၄၀)မှ သင်တန်းသား၊ သင်တန်းသူများသည် လေ့လာရေးကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် ဒုတိယပါမောက္ခချုပ်(သင်ကြားရေး) ဦးငွေးလွင်နှင့် ကြီးကြပ်သူဆရာ၊ဆရာမများလိုက်ပါလျက် ဇန်နဝါရီ ၁၉ရက် နံနက်ပိုင်းက မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)သို့ ရောက်ရှိကြရာ ပတ္တမြားခန်းမ၌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်ဦးစိုးဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယပါမောက္ခချုပ်(လေ့ကျင့်သင်ကြားရေး) ဦးနေဝင်းက ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၏ လေ့ကျင့်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

အပြန်အလှန်ပေးအပ်

ယင်းနောက် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်းနှင့် လေ့လာရေးသင်တန်းသူနှစ်ဦးတို့သည် လေ့လာရေးအထိမ်းအမှတ် အလံများကို အပြန်အလှန် ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးကျောင်းသို့ရောက်ရှိကြရာ သင်တန်းခန်းမ၌ ဒုတိယကျောင်းအုပ်ကြီး ရဲမှူးကြီးကျော်ငွေးက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သမိုင်းအကျဉ်းချုပ်နှင့် ဗဟိုလေ့ကျင့်ရေးကျောင်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သင်တန်းသူနှစ်ဦးတို့က လေ့လာရေးအထိမ်းအမှတ်အလံကို ပေးအပ်ပြီး ဒုတိယကျောင်းအုပ်ကြီးက အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် ရဲသမိုင်းပြတိုက်၊ မှုခင်းသိပ္ပံဓာတ်ခွဲခန်း၊ စာကြည့်တိုက်နှင့် စာဖတ်ခန်း၊ အင်္ဂလိပ်သာဘာ စာသင်ခန်း၊ ကွန်ပျူတာသင်ကြားရေးခန်း၊ Language Lab နှင့် အမှုစစ်အရာရှိ သင်တန်းခန်းတို့ကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

လေ့လာရေးသင်တန်းသား၊ သင်တန်းသူများသည် မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဗဟိုမီးသတ်သင်တန်းကျောင်းသို့ ရောက်ရှိကြရာ စစ်ရေးပြကွင်း၌ ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးသောင်ဇင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် လက်တွေ့သရုပ်ပြတင်ဆက်မှုနှင့် မီးသတ်ပစ္စည်းကိရိယာများ သရုပ်ပြခြင်းတို့ကို ကြည့်ရှုလေ့လာကြပြီး အထိမ်းအမှတ်အလံများ အပြန်အလှန် ပေးအပ်ကြသည်။

လေ့လာရေးသင်တန်းသား၊ သင်တန်းသူများသည် ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒိုးကွင်စိုက်ပျိုးရေးခြံသို့ ရောက်ရှိကြရာ ရှင်းလင်းခန်းမဆောင်၌ ခရိုင်မန်နေဂျာ ဦးညွန့်ဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ခြံမန်နေဂျာ ဦးတင့်လွင်က ဒိုးကွင်စိုက်ပျိုးရေးခြံနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ လေ့လာရေး အထိမ်းအမှတ်အလံများ အပြန်အလှန်ပေးအပ်ပြီး စိုက်ပျိုးရေးခြံအတွင်း လှည့်လည်လေ့လာကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိ လေ့လာကြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန မြန်မာနိုင်ငံသစ်တောကျောင်းသို့ ရောက်ရှိကြရာ ကျွန်းရတနာခန်းမ၌ မြန်မာနိုင်ငံသစ်တောကျောင်း ကျောင်းအုပ်ကြီးဦးမြက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား၍ မြန်မာနိုင်ငံ သစ်တောကျောင်းသမိုင်းနှင့် လေ့ကျင့်သင်ကြားမှု အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး သင်တန်းသူနှစ်ဦးတို့က လေ့လာရေးအထိမ်းအမှတ်အလံကို ပေးအပ်ကာ ပြတိုက်နှင့် စာကြည့်တိုက်ကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

လေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ရတနာပုံတယ်လီပို့သို့ရောက်ရှိကြရာ ရှင်းလင်းခန်းမ၌ ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးတင်ထွေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးတင့်လွင်က ရတနာပုံမြို့သစ်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများနှင့် သတင်းနှင့်နည်းပညာဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားကာ လေ့လာရေး အထိမ်းအမှတ် အလံပေးအပ်ပြီး ရတနာပုံတယ်လီပို့ တည်ဆောက်ရေးလုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှု လေ့လာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ဌာပနာတော်ပစ္စည်းများ ပူဇော်လှူဒါန်းနိုင်ရန်
အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန် နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာ၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ အခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့ (၉-၂-၂၀၀၉ ရက်)တွင် ကျင်းပသွားရန် စီစဉ်ထားရှိပါသည်။

သို့ပါ၍ စေတီတော်မြတ်ကြီး၌ ဌာပနာတော်ထည့်သွင်းပူဇော်လှူဒါန်းလိုသူ စေတနာရှင် ရဟန်းရှင်လူပြည်သူများအနေဖြင့် လှူဒါန်းပစ္စည်းများအား အောက်ပါ ပုဂ္ဂိုလ်/ဌာနများသို့ အချိန်မီ ဆက်သွယ်ပေးပို့လှူဒါန်းပူဇော်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည် -

(က) ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၀၂၃၊ ၀၆၇-၄၀၉၃၆၃

(ခ) ဗိုလ်ချုပ်သန်းဌွေး၊ ညွှန်ကြားရေးမှူး၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး လုပ်ငန်းကော်မတီ)
ဖုန်း-၀၃၆-၃၁၀၃၀၊ ၀၃၆-၃၁၀၅၀

(ဂ) ဗိုလ်မှူးကြီးတင်ဌွေ၊ ဒုတိယဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန (အဖွဲ့ဝင်၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၃၆၈

(ဃ) ဗိုလ်မှူးကြီးကံချွန်
(အတွင်းရေးမှူး၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ)
ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၀၆၇-၄၁၄၂၀၂

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား
လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းပွဲတော်တွင် ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့် အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညှိပြီး နေပြည်တော်၌ ကျင်းပမည် ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင်ကပ်လှူရန် ရွှေပြား (၁ပေ×၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့် ရွဲများတွင်ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း
(၃) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ)	၂၂၈၁၉ ချပ်	၁ ချပ်	ကျပ် ၂၂၀၀၀ နှုန်း
(၄) စကျင်ကျောက် (၂ပေ×၂ပေ)	၁၀၀၈၈၉ ချပ်	၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း
(၅) မြစ်သားကျောက် (၂ပေ×၂ပေ)	၂၄၇၈၆ ချပ်	၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် **"ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ"** အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄ ၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

မိုးမိတ်အသင်း နှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၃

မိုးမိတ်အသင်း၏ တတိယအကြိမ် အသင်းသားစုံညီ အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၅ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် အမှတ် ၉၀ မင်းလမ်း ဆရာစံတောင်ရပ်ကွက် ဗဟန်းမြို့နယ် သာသနရာမိကကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများကို အမှုဆောင်များနှင့် ဦးဇင်ကိုလေးထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

နော်ဝေးနှင့် ဒိန်းမတ်နိုင်ငံတို့မှ ဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ
မုန်တိုင်းသင့်ဒေသများသို့ သွားရောက်လေ့လာ

ရန်ကုန် ဇန်နဝါရီ ၂၂

မုန်တိုင်းသင့်ဒေသများတွင် လူသားချင်း စာနာထောက်ထားမှု အကူအညီပေးအပ်မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုလေ့လာရန် နော်ဝေးနိုင်ငံ သဘာဝပတ်ဝန်းကျင်နှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Mr Erik Gudbrand Solheim ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Ms. Ulla Pedersen Tornaes ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် ဇန်နဝါရီ ၂၁ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြရာ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။

တွေ့ဆုံ

ထို့နောက် နော်ဝေးနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့မှ ဝန်ကြီးများ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များသည် မုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိသော ရန်ကုန်မြို့ရှိ သက်ဆိုင်ရာ နိုင်ငံအသီးသီးတို့မှ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် တွေ့ဆုံကြသည်။

ဆက်လက်၍ ကိုယ်စားလှယ်အဖွဲ့များသည် အာဆီယံ၊ မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂတို့ ပါဝင်သည့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ရှိ ချက်ထရီယမ်ဟိုတယ်၌ တွေ့ဆုံကြပြီး မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် Dr.Bishow Parajuli က တည်ခင်းသည့် ဧည့်ခံပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဇန်နဝါရီ ၁၄ရက်က လှိုင်မြို့နယ် အလက(၃)၌ ကျင်းပသော မြို့နယ်အဆင့် ဆုပေးပွဲ အခမ်းအနားတွင် ပထမဆုရရှိသော မခင်ဆုဆုဟန်(အလက-၄ လှိုင်)အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နွဲ့မူစိန်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

တည်ခင်းဧည့်ခံ

ညပိုင်းတွင် သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက နော်ဝေးနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့မှ ဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နော်ဝေးနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့မှ ဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင် အချို့တို့သည် ယနေ့နံနက် ၈ နာရီတွင် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူလိုက်ပါလျက် ရန်ကုန်မြို့မှ မုန်တိုင်းသင့်ဒေသများသို့ ရဟတ်ယာဉ်ဖြင့် သွားရောက်ကြရာ နံနက် ၉ နာရီတွင် ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ပြင်စလူမြို့သို့ ရောက်ရှိကြပြီး အိမ်ရာစီမံကိန်း၊ အခြေခံပညာအထက်တန်းကျောင်း၊ ဆေးပေးခန်း၊ ပြင်စလူဒေသအတွင်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် နိုင်ငံတကာမှ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ဆောင်ရွက်ပေးမှု အခြေအနေများကို ကြည့်ရှုလေ့လာကြကာ ဒေသခံပြည်သူများနှင့် ရင်းနှီးစွာ တွေ့ဆုံကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်အချို့တို့သည် ရဟတ်ယာဉ်ဖြင့် နံနက် ၁၀ နာရီခွဲတွင် မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းကျေးရွာသို့ ရောက်ရှိကြပြီး အိမ်ရာစီမံကိန်း၊ စာသင်ကျောင်း၊ နေရောင်ခြည်သုံးဓာတ်အားပေးရုံ၊ ဆေးပေးခန်း၊ International Development Enterprise နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်တို့၏ စီမံကိန်းများကို ကြည့်ရှုလေ့လာကြကာ ဒေသခံပြည်သူများအား ရင်းနှီးစွာ တွေ့ဆုံကြသည်။

ဆက်လက်၍ ဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်အချို့သည် ရဟတ်ယာဉ်ဖြင့် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာသို့ နံနက် ၁၁ နာရီ မိနစ် ၅၀တွင် ရောက်ရှိကြပြီး အိမ်ရာစီမံကိန်း၊ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်နှင့် Care မြန်မာတို့၏ စားနပ်ရိက္ခာဖြန့်ဝေမှု၊ စက်ဆန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ တည်ဆောက်ဆဲ (၁၆)ခုတင်ဆံ့ဆေးရုံ၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၏ သောက်သုံးရေသန့်စင်မှုအစီအစဉ်၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သည့် MSF နှင့် IOM တို့၏ စက်ဆန်းကျေးရွာအတွင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်၏ စက်ဆန်းကျေးရွာ အုပ်စုအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုလေ့လာကြကာ ဒေသခံများနှင့် ရင်းနှီးစွာ တွေ့ဆုံကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်အချို့တို့သည် ရဟတ်ယာဉ်ဖြင့် မွန်းလွဲ ၂နာရီ မိနစ်၂၀တွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းကြီး ကျေးရွာအုပ်စု ဆိပ်ကြီး စံပြကျေးရွာသို့ ရောက်ရှိကြပြီး ကျေးလက်ကို အခြေခံသော ဆောလျင်စွာ ပြန်လည်ထူထောင်ရေးအစီအမံ အရ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဆိပ်ကြီး စံပြကျေးရွာအတွင်း စတင်အကောင်အထည်ဖော်လျက်ရှိသော အိမ်ရာစီမံကိန်း၊ ငါးဖမ်းလှေဆောက်လုပ်ဖြန့်ဝေပေးမှု၊ ကွမ်းစိုက်ခင်းများ၊ ဆိပ်ကြီး စံပြကျေးရွာ အခြေခံပညာ မူလတန်းကျောင်းနှင့် သောက်ရေတွင်းများကို လှည့်လည်ကြည့်ရှု လေ့လာကြကာ ဒေသခံပြည်သူများအား ရင်းနှီးစွာ တွေ့ဆုံကြသည်။

အလားတူ နော်ဝေးနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များတွင် ကျန်ရှိသည့် အဖွဲ့ဝင်များသည် သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင် လိုက်ပါလျက် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်များသို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြပြီး မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြည့်ရှုလေ့လာကြကာ ဒေသခံများနှင့် ရင်းနှီးစွာ တွေ့ဆုံကြသည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် နော်ဝေးနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့မှ ဝန်ကြီးများ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင် အချို့တို့သည် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြပြီး ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြရာ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

နော်ဝေးနိုင်ငံ သဘာဝပတ်ဝန်းကျင်နှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr Erik Gudbrand Solheim၊ ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Ms Ulla Pedersen Tornaes တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူတို့ ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းကြီးကျေးရွာအုပ်စု ဆိပ်ကြီးစံပြကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

အာရှနိုင်ငံအချို့၏ ရာသီဥတု အခြေအနေ

စုစည်းတင်ပြသူ-မောင်ချစ်ကြည်

ရန်ကုန် ဇန်နဝါရီ ၂၂

အာရှနိုင်ငံအချို့၏ ဇန်နဝါရီ ၂၂ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေနှင့် နောက်နှစ်ရက်အတွက် ဖြစ်နိုင်ဖွယ်ရှိသော ရာသီဥတုအနေအထားများကို အင်တာနက်မှ ရယူဖော်ပြလိုက်ပါသည်-

အိန္ဒိယ

အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ဇန်နဝါရီ၂၂ရက်က နေ့ညအပူချိန်များ ကျဆင်းခဲ့သည်။ မွမ်ဘိုင်းမြို့တွင် နေ့အပူချိန် ၃၀ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး မြို့တော်နယူးဒေလီ၌ ၂၁ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ နိုင်ငံ အရှေ့မြောက်ပိုင်းဒေသအချို့၌ မိုးအနည်းငယ်ရွာသွန်းကာ မြောက်ဘက်မှလေများ တစ်နာရီ၁၀မိုင်နှုန်း တိုက်ခတ်ခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်နိုင်ငံလုံး၌ ညအပူချိန်ပျမ်းမျှ ၈ဒီဂရီ စင်တီဂရိတ်သာ ရှိမည်။ နိုင်ငံတစ်ဝန်း အချို့ဒေသများ၌ တိမ်အသင့်အတင့် ဖြစ်ထွန်းသော်လည်း အများအားဖြင့် သာသာ ယာယာရှိမည်။ သို့သော် အိန္ဒိယကမ်းလွန်ပင်လယ်ပြင်တွင် လှိုင်းကြီးနိုင်မည်ဟု ဖော်ပြသည်။

သီရိလင်္ကာ

သီရိလင်္ကာနိုင်ငံကိုလံဘိုမြို့တွင် ဇန်နဝါရီ ၂၂ရက်က နေ့အပူချိန် ၃၁ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး ညအပူချိန် ၂၃ဒီဂရီစင်တီဂရိတ် ရှိခဲ့သည်။ သီရိလင်္ကာမြောက်ပိုင်းဒေသများတွင် နံနက်ပိုင်း ဆီးနှင်းများကျဆင်းခဲ့သော်လည်း တစ်နိုင်ငံလုံး သာသာယာယာရှိခဲ့သည်။ နောက်နှစ်ရက်အတွက် ရာသီဥတုခန့်မှန်းချက်မှာ တစ်နိုင်ငံလုံးတွင် တိမ်များဖြစ်ထွန်းပြီး သီရိလင်္ကာနိုင်ငံမြောက်ပိုင်း၊ အနောက်နှင့် အနောက်မြောက်ပိုင်းဒေသများတွင် မိုးရွာသွန်း နိုင်သည်။ တစ်နိုင်ငံလုံးတွင် ညအပူချိန်များ အနည်းငယ်ပြန်လည်မြင့်တက်မည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

မြောက်ကိုရီးယား

မြောက်ကိုရီးယားနိုင်ငံမြို့တော် ပြုံယမ်း၌ ဇန်နဝါရီ ၂၂ရက်က နေ့အပူချိန် ၁ဒီဂရီစင်တီဂရိတ်ခန့်သာ ရှိခဲ့ပြီး ဆီးနှင်းများ ကျဆင်းခဲ့သည်။ တစ်နိုင်ငံလုံးအနေဖြင့် နေ့ညအပူချိန်များကျဆင်းခဲ့ပြီး အချို့ဒေသများတွင် ရေခဲမှတ်အထိ ရောက်ရှိခဲ့သည်။ နောက်နှစ်ရက်အတွက် ရာသီဥတုခန့်မှန်းချက်မှာ တစ်နိုင်ငံလုံးအအေးပိုမည် ဖြစ်ပြီး မြို့တော်ပြုံယမ်း၌ ညအပူချိန် (-၁၀)ဒီဂရီစင်တီဂရိတ်အထိကျဆင်းကာ ထူးထူးခြားခြား အအေးပိုမည် ဖြစ်သည်။ သို့သော် အချို့ဒေသများတွင် တိမ်များထူထပ်စွာ ဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းထားသည်။

ထိုင်း

ထိုင်းနိုင်ငံတစ်ဝန်းတွင် ဇန်နဝါရီ ၂၂ရက်က ပျမ်းမျှအပူချိန် ၂၈ဒီဂရီစင်တီဂရိတ် ရှိခဲ့သည်။ မြို့တော် ဗန်ကောက်တွင် နေ့အပူချိန် ၂၉ ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး ညအပူချိန် ၁၈ဒီဂရီစင်တီဂရိတ်သာ ရှိခဲ့သည်။ နိုင်ငံအရှေ့တောင်ပိုင်းတွင် တိမ်များဖြစ်ထွန်းခဲ့ပြီး အရှေ့မြောက်ဘက်မှ လေအေးများ တစ်နာရီ ၁၀မိုင်နှုန်း တိုက်ခတ်ခဲ့သည်။ နောက်နှစ်ရက်အတွက် ရာသီဥတုခန့်မှန်းချက်မှာ ထိုင်းကမ်းလွန် ပင်လယ်ပြင်တွင် တစ်နာရီ လျှင် မိုင်၄၀နှုန်း လေပြင်းများတိုက်ခတ်နိုင်ပြီး လှိုင်းကြီးနိုင်သည်။ ကမ်းရိုးတန်းဒေသများတွင် မိုးအနည်းငယ် ရွာသွန်းနိုင်သော်လည်း ကျန်ဒေသများ၌ တိမ်များဖြစ်ထွန်းပြီး သာယာမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ကမ္ဘောဒီးယား

ကမ္ဘောဒီးယားနိုင်ငံ၏ မြို့တော်ဖနောင်ပင်တွင် ဇန်နဝါရီ ၂၂ရက်က နေ့အပူချိန် ၂၈ ဒီဂရီ စင်တီဂရိတ် ရှိခဲ့သည်။ ကမ္ဘောဒီးယား တစ်နိုင်ငံလုံး၌ ပျမ်းမျှ အပူချိန် ၂၇ ဒီဂရီ စင်တီဂရိတ်ရှိခဲ့ပြီး တိမ်များဖြစ်ထွန်းခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်နိုင်ငံလုံး နေ့အပူချိန်များ ၃၀ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်နိုင် သော်လည်း နိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်း ဒေသတို့တွင် မိုးအနည်းငယ်ရွာနိုင်ကြောင်း ဖော်ပြထားသည်။

ကိုးကား-အင်တာနက်

မအူပင်၌ ဈေးရောင်းပွဲတော်ကျင်းပ

မအူပင် ဇန်နဝါရီ ၂၂

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူး ဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ရက် နံနက်၈နာရီက မအူပင်မြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်းအရှေ့၌ ကျင်းပရာ ဧရာဝတီတိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဒေါ်ယဉ်ယဉ်ဌေး၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်း၊ မအူပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရည်မွန်တို့က အထူးဈေးရောင်းပွဲတော် မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

တက်ရောက်

ဖွင့်ပွဲသို့ မအူပင်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ပြည်သူများ တက်ရောက်ကြသည်။ **(၄၂၁)**

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ထပ်ဆင့်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ရန်ကုန်တိုင်း ကျေးရွာ ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များ အတွက် လှူဒါန်းရရှိခဲ့သော စာအုပ်စာစောင်များအား ထပ်ဆင့်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ၁၈ရက်က မြို့နယ် ပြန်/ဆက်ရုံးခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးလှမြင့်က သတ်မှတ်စံ(၅)ချက်နှင့် ညီညွတ်သော ခိုင်မာသည့် စာကြည့်တိုက်များအဖြစ် ရှင်သန်ရပ်တည်နိုင်ရေးအတွက် ဆွေးနွေး ပြောကြားသည်။

လှူဒါန်း

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ကိုယ်စား ဦးသိမ်းစိုး(ဓာတ်ပုံ-၂)နှင့် မြို့နယ် စာကြည့်တိုက် ကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များက သုတရသ၊ စာအုပ်မျိုးစုံတို့ကို ကျေးရွာဥက္ကဋ္ဌ များသို့ ပေးအပ်လှူဒါန်းသည်။

(အပေါ်ပုံ)

(မြို့နယ် ပြန်/ဆက်)

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ် မြေနီကုန်း(မြောက်)ရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ အမှတ်(၃၀)နေ ဒေါ်ခင်ရီ ၁၂/စခန(နိုင်)၀၄၂၁၆၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအပ်ပါသည်။

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်) ရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ အမှတ်(၃၀)၊ မြေတိုင်းအကွက် အမှတ် (၂၉-စီ)၊ မြေကွက်အမှတ် ၂၆ ၂၆/၅၃ ၇ ၃၃-၄/၃၃ မြေကွက်သည် ဒေါ်ခင်ရီ၏ မိခင်ဒေါ်သိန်း အမည်ပေါက် မြေဂရန် ဖြစ်ပြီး ဒေါ်သိန်းမှာ ၁၉၄၄ခုနှစ်တွင် ကွယ်လွန်ခဲ့ပါသည်။ ဒေါ်သိန်းတွင် ဒေါ်မြတင်၊ ဦးမောင်မောင်ကြီးနှင့် သမီး ဒေါ်ခင်ရီတို့၏သားသမီး သုံးဦးမွေးဖွားခဲ့ပါသည်။

မိခင်ဖြစ်သူ ဒေါ်သိန်း ကွယ်လွန်ခဲ့ပြီးနောက် ဒေါ်သိန်း၏ အမည်ပေါက် အထက်ပါ မြေကွက်၏ မြေဂရန် မူရင်းအမှတ် RM-117/30 အား ကျန်ရစ်သော သားသမီးသုံးဦး အမည်ဖြင့်ပြောင်း၍ ဂရန်သက်တမ်းတိုးရန် လျှောက်လွှာ၊ မှတ်ပုံတင်စာချုပ်တို့နှင့်အတူ မူရင်းဂရန်အမှတ် RM-117/30 အား ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့၊ မြေတိုင်းဌာန၊ ရန်ကုန်မြို့သို့ သားသမီးသုံးဦးတို့က တင်ပြလျှောက်ထားခဲ့ရာ အဆိုပါဌာနမှ ၃၀-၁၁-၁၉၆၉ခုနှစ် အိုးအိမ်ပုံစံ S-၆၄၊ မြေတိုင်းဌာန၊ ရန်ကုန်မြို့ ၂၇၃/ဈ-ခ-၁/၆၉ တရားဝင် လက်ခံပြေစာဖြင့် မူရင်းဂရန်အမှတ် RM-117/30နှင့် မှတ်ပုံတင် စာချုပ်အမှတ်(၅၅၈/၆၉)တို့အား သိမ်းဆည်းထားကြောင်း လက်ခံပြေစာ ပြန်လည်ထုတ်ပေးခဲ့ပါသည်။

ဒေါ်သိန်း၏ သားသမီးသုံးဦးအနက် ဒေါ်မြတင်သည် ၆-၅-၂၀၀၂ရက် တွင်လည်းကောင်း၊ ဦးမောင်မောင်ကြီးသည် ၂၆-၁၁-၁၉၈၈ရက်တွင် လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ပြီး ယခုအချိန်တွင် သားသမီးအငယ်ဆုံး ဒေါ်ခင်ရီ တစ်ဦးတည်းသာ သက်ရှိထင်ရှား ကျန်ရှိပါသည်။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ အမှတ်(၃၀)၊ မြေတိုင်းအမှတ်(၂၉-စီ)၊မြေကွက်အမှတ် ၂၆ ၂၆/၅၃ ၇ ၃၃-၄/၃၃ မြေကွက်၏ ဂရန်မူရင်းအမှတ် RM-117/30 နှင့် ပတ်သက်၍ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်က အစိုးရရုံးဌာနများ၊ ဘဏ်များ၊ တရားရုံးများ၊ သံရုံးများနှင့် တစ်ဦးတစ်ယောက်ထံတွင် ယင်းမြေဂရန်ကို အာမခံ အဖြစ်သော်လည်းကောင်း၊ အပေါင်အဖြစ်လည်းကောင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ အပ်နှံထားခြင်း၊ တင်ပြထားခြင်းများရှိပါက သက်ရှိထင်ရှား ကျန်ရှိသူသမီး ဒေါ်ခင်ရီ၏ ခွင့်ပြုချက် မရှိဘဲ တင်ပြထားခြင်းသာဖြစ်ပါ၍ တရားမဝင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်ရီ၏ လွှဲအပ်ညွှန်ကြားချက်အရ-

မြင့်သိန်း B.A (Law) LL.B.
တရားရုံးချုပ်ရှေ့နေ အမှတ်စဉ်(၁၂၇၆)
အမှတ်(၁၆)၊ (၈-လွှာ)၊ သီရိမင်္ဂလာလမ်း၊
မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်၏ သားဖြစ်သူ မောင်တင်လင်းကိုသည် မိမိသဘောဆန္ဒအရ ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်း၏ ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးဟန်ထွန်း
၁၂/ခရန(နိုင်)၀၇၃၃၃၂။

စာအုပ်စာပေ လူ့မိတ်ဆွေ

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင် ဆောက်လုပ်ရေးနှင့် စွမ်းအင်အသင်းတို့ ခြေစွမ်းပြ အနိုင်ရ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ-ဖိုးသော်ဇင်၊ စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၂

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ် (အဆင့်မြင့်တန်း) အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် ဆက်လက်ကျင်းပရာ ဆောက်လုပ်ရေးအသင်းနဲ့ စွမ်းအင်အသင်းတို့ အနိုင်ရရှိသွားကြပါတယ်။

သုဝဏ္ဏကွင်း

ဆောက်လုပ်ရေး - တစ်ဂိုး
သစ်တောရေးရာ - ဂိုးမရှိ

အမှတ်ပေးဇယား ထိပ်ပိုင်းနေရာနားမှာ ရှိနေကြတဲ့ သစ်တောရေးရာနဲ့ ဆောက်လုပ်ရေးတို့ နိုင်ပွဲရရှိရေးအတွက် ကြိုးစားကစားခဲ့ကြပေမယ့် အကောင်းဆုံးပုံစံတော့ မရခဲ့ကြပါဘူး။ ပြီးခဲ့တဲ့ပွဲတုန်းက ဘဏ္ဍာ/အခွန်ကို ဂိုးပြတ်ရှုံးနိမ့်ခဲ့တဲ့ ဆောက်လုပ်ရေးကတော့ စိုးသီဟအောင်ရဲ့ တစ်လုံးတည်းသောဂိုးနဲ့ နိုင်ပွဲ ပြန်လည်ရရှိသွားပါတယ်။ လက်ရှိချန်ပီယံ ဘဏ္ဍာ/ အခွန်နဲ့ စီးပွား/ကူးသန်းနောက်မှာ ရပ်တည်နေနိုင်တဲ့ သစ်တောရေးရာ အသင်းဟာ ဒီနေ့ပွဲကစားပုံဟာ အားရစရာ မရှိခဲ့တဲ့အပြင် ပထမပိုင်းမှာ အဓိက တိုက်စစ်မှူး ထွန်းမင်းဦးအပါအဝင် အမာခံကစားသမားနှစ်ဦး ဒဏ်ရာ ရသွားတာကတော့ ထိုးနှက်ချက်တစ်ရပ် ဖြစ်ခဲ့ပါတယ်။ ဒီပွဲအနိုင်ရခဲ့တဲ့ ဆောက်လုပ်ရေးဟာ အဆင့်လေး နေရာအထိ တက်လာနိုင်ပေမယ့် သစ်တောရေးရာကတော့ အဆင့်သုံးကနေ အဆင့်ငါးအထိ ကျသွားပါတယ်။

ဆောက်လုပ်ရေး အသင်းဟာ စိုးသီဟအောင်၊ စည်သူသန်း၊ တင်ဇော်မိုး၊ မင်းမင်းထွန်းတို့နဲ့ လူစုံထုတ်ခဲ့သလို သစ်တောကလည်း ထွန်းမင်းဦး၊ ညီညီစိုးတို့နဲ့ အမာခံများ အသုံးပြုကာ ရင်ဆိုင်ခဲ့ကြပါတယ်။ ဆောက်လုပ်ရေးအသင်းဟာ ကွင်းလယ်က စိုးသီဟအောင်ရဲ့ ဘောလုံးအဖြန့်၊ တင်ဇော်မိုး၊ စည်သူသန်း၊ မင်းမင်းထွန်းတို့ရဲ့ ထိုးအားနဲ့ တိုက်စစ်ဆင်ခဲ့ပါတယ်။ ဆောက်လုပ်ရေးအတွက် သုံးမှတ်အပြည့်ရစေမယ့် အနိုင်ဂိုးကိုတော့ ၂၅မိနစ်ကတည်းက အသင်းခေါင်းဆောင် စိုးသီဟအောင် သွင်းယူခဲ့တာဖြစ်ပါတယ်။ သစ်တောရေးရာ အသင်းဟာ ညာတောင်ပံကို အားပြုထိုးဖောက်ခဲ့ပေမယ့် အဲဒီအခြမ်းက ထိရောက်တဲ့ ဖန်တီးပေးမှုတွေ မလုပ်နိုင်ခဲ့ပါဘူး။ တိုက်စစ်မှူးထွန်းမင်းဦး ခြေချင်းဝတ် ဒဏ်ရာရသွားတာကလည်း သစ်တောကို ကံဆိုးသွားစေပါတယ်။

ထိန်းသွားခဲ့

ဒုတိယပိုင်းမှာ သစ်တောရေးရာ အသင်းဟာ ချေပဂိုးရဖို့ကစားအားတင် လာပါတယ်။ ၄၆မိနစ်မှာ သစ်တောတိုက်စစ်မှူး ခိုင်ဇော်ထွန်း အနီးကပ် ကန်ခွင့်ရပေမယ့် ဘေးထွက်သွားတာကြောင့် နစ်နာခဲ့ရပါတယ်။ ဆောက်လုပ်ရေး အသင်းကတော့ အနိုင်ဂိုးကို ထိန်းဖို့အတွက် ခံစစ်ကို အများမခံဘဲ ကစားခဲ့ပြီး အနိုင်ရလဒ်ကို မိနစ် ၉၀ပြည့်တဲ့အထိ ထိန်းသွားခဲ့ပါတယ်။

အောင်ဆန်းကွင်း

စွမ်းအင် - သုံးဂိုး
မြန်မာ့မီးရထား - နှစ်ဂိုး

သုဝဏ္ဏကွင်းမှာ ကစားခဲ့တဲ့ပွဲမှာ သစ်တောရေးရာအသင်းအရေးနိမ့်သွားလို့ အနိုင်ရခဲ့တဲ့စွမ်းအင်အသင်းဟာ တတိယနေရာအထိ တက်လှမ်းလာခဲ့ပါတယ်။ လေးမှတ်သာရသေးတဲ့ မြန်မာ့မီးရထား အသင်းဟာ စွမ်းအင်အသင်းထံမှ အမှတ်ခွဲယူနိုင်ဖို့ ကြိုးစားခဲ့ပေမယ့် အရှုံးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ လယ်ယာ/ဆည်မြောင်းအသင်းကို မမျှော်လင့်ဘဲ အရေးနိမ့်ထားတဲ့ စွမ်းအင်အသင်းဟာ ဒီပွဲကို အများမခံဘဲကစားခဲ့ပြီး ပထမပိုင်းကတည်းက သုံးဂိုး-နှစ်ဂိုးနဲ့အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ယနေ့ပွဲ

သုဝဏ္ဏကွင်း

Air Bagan F.C -
မြို့တော်စည်ပင်

အောင်ဆန်းကွင်း

ပြည်ထဲရေး - ပို့ဆောင်ရေး။
(မြန်မာ့အလင်း)



သစ်တောရေးရာအသင်းမှ နိုင်လင်းဦး၏ ထိုးဖောက်မှုကို ဆောက်လုပ်ရေးမှ တင်ဇော်မိုး လိုက်လံဖျက်ထုတ်စဉ်။ (မြန်မာ့အလင်း)

The Live News ဂျာနယ် ယခုအပတ် ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၂

ယခုအပတ်ထုတ် The Live News ဂျာနယ် အမှတ်(၁၁၆)တွင် ဆင်ဖြူကျွန်းအောင်သိန်း၏ အမျိုးသားဟုခေါ်သော ဝေါဟာရ၊ မြင်းမူမောင်နိုင်မိုး၏ သာစွမြောင်စမ်း အလွမ်းငွေ့ဖြာဝေ နာဂတောင်တန်း ချမ်းမြေ့စရာပေ၊ နီမင်းဆွေ၏ ချစ်ဆိပ်ရည်(၈)၊ ကိုကိုလှိုင်၏ အာရပ်ကမ္ဘာ့ဂါဇာပြဿနာနှင့် အမေရိကန်အစိုးရသစ်၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက သယ်ယူပို့ဆောင်ရေးယာဉ်များ သမိုင်းကြောင်း(၈)၊ ရွှေရတုသို့ ဆိုက်ရောက်လာပြီဖြစ်တဲ့ မြို့ပတ်ရထား၊ နီငြိမ်း(အညာတက္ကသိုလ်)၏ ကမ္ဘာ့အရှေ့ဖျားမှ ဖွံ့ဖြိုးဝေစည် ဂျပန်ပြည် အပိုင်း(၁၀)၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေ ချယ်ရီမြေ (၁၉)၊ အာရှမိုး၏ တောင်ကိုရီးယားအစိုးရရဲ့ မအီမလည်ဖြစ်နေတဲ့ ငွေကြေးနှင့် ကုန်သွယ်ရေးဆိုင်ရာကိစ္စများ၊ သမ္မတဘုရှ်၏ အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲ အယူအဆမှားယွင်းသည်ဟု ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဝေဖန်၊ ဟဒ်ဆန်မြစ်အတွင်း သက်ဆင်းခဲ့သည့် လေယာဉ်ပျံ၊ အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုတွင် ဟားမားစ်ထိပ်တန်းခေါင်းဆောင်သုံးဦး သေဆုံးခဲ့၊ စည်းစိမ်ပျက်၍ အသက်ကို စတေးလိုက်ကြသူတွေ၊ ကမ္ဘာ့ကာဘွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့လျှော့ချရေးအတွက် အဓိကကျတဲ့နိုင်ငံများ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်ဖို့ အာဆီယံနိုင်ငံတွေ ကြိုးပမ်းနေ၊ ပင်လယ်ပျော်မင်းသားအပိုင်း(၆၇၊ ၆၈-ဇာတ်သိမ်း) စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာလစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃စောင် ကျပ်၅၈၅၀၊ ခြောက်လ ၂၆စောင် ကျပ် ၁၁၇၀၀နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက်၊ အမှတ်(၃၁၀) အခန်း(၀၀၄) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅နှင့် Market Care(Distribution Service) အမှတ် ၅၅၊ ပထမထပ်၊ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀ ၈၀၄၇၇တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ရွှေတောင်၌ သီရိတံခွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ရွှေတောင် ဇန်နဝါရီ ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ကြို့ကုန်းအုပ်စု ကြို့ကုန်းကျေးရွာ သီရိတံခွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက်က အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

လက်ခံ

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်က စာကြည့်တိုက် ငွေဒေသာပင်အတွက် အလှူငွေကျပ်တစ်သောင်း၊ မြို့နယ် ဦးစီးမှူး ဦးလှမျိုးအောင်က စာအုပ်မျိုးစုံ ၂၅၀တို့ကိုပေးအပ်ရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးမြင့်စိန်က လက်ခံယူသည်။

ထို့နောက် အဆောက်အအုံသစ်ကို ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ညွန့်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့် မြေအလှူရှင် ဦးမြင့် သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

လှည့်လည်ကြည့်ရှု

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် တက်ရောက်လာသူများက စာကြည့် တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် လှိုင်လင်ခရိုင် နမ့်စန်မြို့ရှိ အမှတ်(၃)ရပ်ကွက် ရေစက်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁ရက်က အဆိုပါ လမ်းမုခ်ဦး၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဆွေဦးနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၁၈ ရက်က မင်္ဂလာဒုံ မြို့နယ် အမှတ်(၃၃) အခြေခံပညာ မူလတန်းကျောင်းမှ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေး ပွဲတွင် သူငယ်တန်းမှ စတုတ္ထတန်း အထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မောင်ခန့်ဇော်ဟိန်းအား ကျောင်းအုပ် ဆရာမကြီး ဒေါ်လွင်လွင်က ဆုချီးမြှင့် စဉ်။ (ပညာရေး)

ဇန်နဝါရီ ၃ ရက်က မွန်ပြည်နယ် ရေးမြို့နယ် ချောင်းတောင်ကျေးရွာ မီးသတ် ရေကန် ရေဖြည့်တင်းခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်း၊ ကျေးရွာ အရန်မီးသတ်တပ်ခွဲမှူး ဦးတင်သန်းနှင့် ကျေးရွာမီးဘေးကြိုတင်ကာကွယ်တားဆီးရေး အဖွဲ့တို့ ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

အမြို့မြို့အနယ်နယ် သတင်းပဒေသာ

ပုလဲမြို့ ရေပေးရေးဆောင်ရွက်

ပုလဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးလုပ်ငန်း ခြောက်လက်မ စက်ရေတွင်းမှ မြို့အား ရေလွှတ်ဖြန့်ဝေဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၅ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင် လွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဖြိုးမင်းဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖျာပုံ အမက(၈၈) ပညာရေးဌာနသို့ လွှဲပြောင်း ကျောင်းဆောင်သစ် အဆောက်အအုံဖွင့်ပွဲ ကျင်းပမည်

ဖျာပုံ ဇန်နဝါရီ ၁၉

၂၀၀၈ခုနှစ် မေလ၂ရက်နှင့် ၃ရက်က တိုက်ခတ်ခဲ့သော မုန်တိုင်းဒဏ်ကြောင့် ပြိုကျပျက်စီးသွားသည့် ဖျာပုံမြို့နယ် ကျုံကူကျေးရွာအုပ်စု ကျုံကူတူးမြောင်းကျေးရွာ အမှတ်(၈၈)အခြေခံပညာ မူလတန်းကျောင်းကို စာပေနှင့်ပန်းချီအနုပညာရှင်များ၊ စာအုပ် လုပ်ငန်းရှင်များနှင့် မိတ်ဆွေများက အလျားပေ ၉၀၊ အနံပေ ၃၀၊ အမြင့် ၁၇ပေရှိ အုတ်ညှပ်တိုက် ကျောင်းဆောင်သစ်အပြင်လမ်း၊ ကျောက်တံတား၊ အုတ်ရေကန်၊ ရေအိမ်နှင့် ကျောင်းခြံဝင်းတို့ကို ငွေကျပ်သိန်း ၂၆၀ ကုန်ကျခံ လှူဒါန်းသည်။

အဆိုပါ ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ရက်တွင် ဖျာပုံမြို့နယ် ကျုံကူကျေးရွာအုပ်စု ကျုံကူတူးမြောင်း အမှတ်(၈၈) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရန်စီစဉ်လျက် ရှိကြောင်း သိရသည်။ **(၁၃၈)**

မှုခင်းသတင်း အင်းတော်၌ ဝရိန်ဆော်ရာမှ ကားမီးလောင်

အင်းတော် ဇန်နဝါရီ ၁၈

စစ်ကိုင်းတိုင်း အင်းတော်မြို့ရှိ ကားဝပ်ရှော့တစ်ခုတွင် စက်သုံးဆီပီပါခွံများ တင်ဆောင်ထားသောကားကို ဝရိန်ဆော်ရာမှ ကားမီးလောင်မှု ဇန်နဝါရီ ၁၁ရက်က ဖြစ်ပွားသည်။

ဖြစ်ပွားပုံမှာ ဇန်နဝါရီ ၁၁ရက် မွန်းလွဲ ၂နာရီခွဲက အင်းတော်မြို့ အောင်မင်္ဂလာ ရပ်ကွက်ရှိ ဦးကျော်လမ်းနှင့် ဗန်းမော်ကားလမ်းဆုံအနီးရှိ ဦးထွန်းထွန်း၏ ဝပ်ရှော့ တွင် ဖားကန့်သို့ စက်သုံးဆီများပို့ပြီး ပြန်လာသည့် ဆီပီပါခွံများ တင်ဆောင် ထားသော ယာဉ်မောင်း ဦးတင်ဝင်း၏ ယာဉ်အမှတ် ၆ခ/၇၅၁၈ နစ်ဆန်းကား အမျိုးအစား ၁၀ဘီးကားကို ဖရိန်နှင့်ဘော်ဒီအကြား ကြမ်းခင်းပြားများ ဝရိန်ဆော်ရာမှ ကားမီးလောင်မှု ဖြစ်ပွားခဲ့သည်။

မီးလောင်

မီးလောင်လျှင်လောင်ချင်း ကားကို လက်ပံကုန်း-အင်းရွာချောင်းအတွင်းသို့ မောင်းချပြီး ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂နာရီ၃၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သဖြင့် ကားအောက်ပိုင်းရှိ ဝိုင်ယာလိုင်းကြိုးများသာ မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်မှုနှင့်ပတ်သက်၍ ကားဝပ်ရှော့ပိုင်ရှင် ဦးထွန်းထွန်း (၄၂)နှစ်နှင့် ယာဉ်မောင်း ဦးတင်ဝင်း (၅၈)နှစ် တို့အား အင်းတော်ရဲစခန်းမှ (ပ)၈/၀၉ ပြစ်မှုပုဒ်မ ၂၈၅ဖြင့် အမှုဖွင့် အရေးယူထားသည်။ (ဝ၃၀)

လမ်းတံတား၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသထွက်ကုန်များနှင့် အဘက်ဘက်မှ ဖွံ့ဖြိုးစည်ပင်နေသော ဘူးသီးတောင်မြို့နယ်

သတင်းခရီးသည် - သတင်းထောက် စဥ္စကူစိုးဝင်း
ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို (မြန်မာ့အလင်း)

စစ်တွေ ဇန်နဝါရီ ၂၂

မြန်မာ့အလင်းသတင်းအဖွဲ့အား ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂ ရက် နံနက် ၆ နာရီက မောင်တောခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ဦးစီးအရာရှိ ဦးကျော်ဒေဝ လာရောက်ခေါ်ယူကာ မော်တော်ကားဖြင့် ဘူးသီးတောင်မြို့သို့ ပို့ဆောင်ပေးခဲ့သည်။

အေးချမ်းတည်ငြိမ်

နံနက် ၅ နာရီခန့်ကပင် မောင်တောမြို့ နေထိုင်သူ လူကြီးလူငယ် အမျိုးသား၊ အမျိုးသမီးများသည် (၄)မိုင်ဟုခေါ်သည့် စစ်ဆေးရေးဂိတ် အနီးသို့ လမ်းလျှောက်ကြရာ နှင်းမှုန်အောက်တွင် ဝတ်စုံအမျိုးမျိုးနှင့် တွေ့ရသည်။ နယ်စပ်မြို့သည် အေးချမ်းတည်ငြိမ်လွတ်လပ်မှုအပြည့်ရှိသည်ကို မြင်တွေ့ရသည်။ စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ အမေရိကန်ပြည်ထောင်စု၏ နိုင်ငံခြားရေးဝန်ကြီး အဖြစ် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သော မစ္စစ် ဟီလာရီ ရော့ဒ်ဟမ်းကလင်တန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မြို့ကျက်သရေဆောင်

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၏ မြို့ကျက်သရေဆောင် နာရီစင်ကို ဤသို့ တွေ့ရသည်။

(မြန်မာ့အလင်း)

ကန်တော်ကြီးရေလှောင်တမံ

ဘူးသီးတောင်မြို့နယ် လူထုသောက်သုံးရေအတွက် ၁၆ ဧကကျယ် ကန်တော်ကြီးရေလှောင် မြေသားတမံကို ဤသို့ တွေ့ရသည်။ (မြန်မာအလင်း)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားများထက် အမျိုးသမီးများအစားအသောက်ခုံမင် အဝလွန်မှုမဖြစ်ရန် ငယ်စဉ်ကပင် စနစ်တကျစားသောက်သင့်

အမျိုးသမီး များသည် အမျိုးသားများထက် အစားအစာများကို ပိုမိုခုံမင်လေ့ရှိကြောင်း၊ အစားအစာ စားသောက်လိုသော စိတ်ဆန္ဒကို ထိန်းချုပ်နိုင်မှု၌လည်း အမျိုးသားများထက် အမျိုးသမီးများက ပိုမိုအားနည်းလေ့ရှိကြောင်း ပြင်သစ်သုတေသနပညာရှင်များ၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

သုံးနှစ်ကြာသုတေသနပြု

ထို့အပြင် အချိန်အတော်များများ၌ စားသောက်ချင်စိတ်လည်း များတတ်ကြပြီး လက်တွေ့လည်း စားသောက်တတ်ကြသည်ဖြစ်ရာ အဝလွန်မှုဖြစ်ပွားရာတွင် အမျိုးသားများထက် အမျိုးသမီးဦးရေက ပိုမိုများကြောင်း သုံးနှစ်ကြာသုတေသနပြုထားသည့် သုတေသနပြုချက်၌ ဖော်ပြထားသည်။ စာမျက်နှာ ၅ ကော်လံ ၅ ✻

ဆံပင်မှ မြေဩဇာ ပြောင်းလဲအသုံးပြုနိုင်

ဘာသာပြန် သတင်းမှတ်စု - မိုးမြင့်လင်းလက်
စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၂

ဆံပင်အလှပြင်ဆိုင်များနှင့် ဆံပင်ညှပ်ဆိုင်များ၌ ညှပ်ပြီးသော ဆံပင်များကို မြေဆွေးအဖြစ်ပြုလုပ်ပြီး မြေဩဇာအဖြစ် အသုံးပြုပါက ကောက်ပဲသီးနှံများ၏ ကြီးထွားဖွံ့ဖြိုးမှုကို လွန်စွာအကျိုးပြုစေကြောင်း တွေ့ရှိရသည်ဟု အမေရိကန် သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

စာမျက်နှာ ၅ ကော်လံ ၁ ■

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖို မီးကြွင်း မီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ရန်၊
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

(မီးသတ်ဦးစီးဌာန)